ကပြင်ရပ်ဝန်း

# ISP Insight Email

ISP Series

အတွဲ-၂၊ အမှတ်-၄ • မတ် ၁၅ ရက်၊ ၂၀၂၄ ခုနှစ်

# မင်းပျိုမင်းလွင်များ စန်းထချိန်-၂

## ‘ငတပါးမင်း’တို့ခေတ် - တအန်း(ပလောင်)

အနိမ့်ပျံ အနိမ့်ခံကာလများ ရှိခဲ့သည့်တိုင် လူငယ်မျိုးဆက်များ၏
ကိုယ်ထူကိုယ်ထ လမ်းသစ်ထွင် အားထုတ်မှုများကြောင့် မြင်သာသောရလဒ်များ ဖြစ်ပေါ်စေခဲ့သည်။



၂၀၂၂ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သော တအန်းအမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားၷ်တွေ့ရသည့် TNLA တပ်ဖွဲ့ဝင်များ

STRAFP

## အယ်ဒီတာမှတ်စု

## EDITOR'S NOTE

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေနဲ့ နွေဦးတော်လှန်ရေးကာလအတွင်း ပေါ်ထွက်လာတဲ့ လူငယ်လူလတ်ပိုင်း မျိုးဆက်တွေအကြောင်းကို ‘မင်းပျိုမင်းလွင်များ စန်းထချိန်’အဖြစ် အပိုင်းဆက်စီးရီးသဘော ISP-Myanmar က ဖော်ပြနေတာပါ။ မျိုးဆက်တွေပြောင်းလဲတာနဲ့အတူ ရှုမြင်ပုံတွေလည်း မတူကြပါဘူး။ လူငယ်မျိုးဆက်တွေဟာ သဘာဝအရကိုပဲ နဂိုအထိုင်မှာနေတာထက် စိတ်ကူးသစ်တွေနဲ့ စွန့်စားရတာကို ပိုလုပ်ချင်ကြပါတယ်။ အောင်မြင်လာတဲ့အခါမှာ ယုံကြည်စိတ်လည်း ခိုင်မာလာကြပါတယ်။ ဒါကို ‘မင်းပျိုမင်းလွင်’တွေရဲ့ မာန်တက်ကြွမှုမျိုးနဲ့ ISP-Myanmar က နှိုင်းယှဉ်တင်စားတာဖြစ်ပါတယ်။

‘မင်းပျိုမင်းလွင်များ စန်းထချိန်-၁’မှာ ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) က မျက်နှာသစ်တွေအကြောင်း မိတ်ဆက်ဖော်ပြထားပြီး အခုတပုဒ်မှာ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) ရဲ့ လူငယ်လူလတ်ပိုင်းခေါင်းဆောင်မှုနဲ့ အင်စတီကျူးရှင်းတည်ဆောက်မှုတွေကို တစိတ်တပိုင်းဖော်ပြထားပါတယ်။ ‘စစ်ဆင်ရေး ၁၀၂၇’ အလွန်မှာ PSLF/TNLA ဟာ နယ်မြေတော်တော်များများကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ဖို့ စတင်လုပ်ဆောင်နေပါတယ်။ ဒီနေရာမှာ တိကျတဲ့ ရလဒ်ကို ပြောဖို့စောသေးပေမဲ့ အရင်နဲ့မတူတဲ့ သက်ရောက်မှုတွေ ဖြစ်စေပါလိမ့်မယ်။ တဖက်မှာလည်း တအန်း(ပလောင်)တွေရဲ့ လမ်းသစ်ထွင်မှုဟာ ‘ဝ’မျိုးဆက်သစ်တွေ နေရာရလာပုံနဲ့ မတူကြပါဘူး။ ‘ဝ’မျိုးဆက်သစ်တွေဟာ လက်ရှိ ဒါမှမဟုတ် ခေါင်းဆောင်ဟောင်းတွေရဲ့ မိသားစုဝင်တွေဖြစ်ပြီး ခေါင်းဆောင်မှုဆက်ခံဖို့ လျာထားတဲ့ ‘နန်းလျာ’ သဘော ပိုဆန်ပါတယ်။ တအန်း(ပလောင်) မျိုးဆက်ခေါင်းဆောင်တွေကတော့ ကိုယ်ထူကိုယ်ထ လမ်းဖောက်ကြသူတွေနဲ့ ပိုတူတာကြောင့် မြန်မာ့သမိုင်းမှာ ညွှန်းပြုဖော်ပြလေ့ရှိတဲ့ ‘ငတပါးမင်း’တွေနဲ့ ပိုတူပါတယ်။ သူတို့လိုပဲ ရခိုင်၊ ကရင်နီ အပါအဝင် နွေဦးတော်လှန်ရေးမှာ ကိုယ်ထူကိုယ်ထ လမ်းထွင်နေကြတဲ့ လူငယ်မျိုးဆက်တွေဟာလည်း ‘ငတပါးမင်း’တွေနဲ့ အလားတူပြီး နောင်လာမယ့် ISP Insight Email တွေမှာ ဖော်ပြဖို့ ရှိပါတယ်။

ဒီတပတ်မှာ ဆက်စပ်ပြီးဖတ်ကြရမှာက ‘စောင့်ကြည့်ရမည့် ဖြစ်စဉ်များ’ကဏ္ဍမှာ ဖော်ပြထားတဲ့ ကျားဖြန့်လုပ်ငန်းတွေ နှိမ်နင်းမှုရဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်တိုးတက်မှုများပါပဲ။ ဒါ့အပြင် မြန်မာနဲ့ အိမ်နီးချင်းလည်းဖြစ်၊ မဟာအင်အားကြီး နိုင်ငံလည်းဖြစ်တဲ့အပြင် နှစ်ထောင်ချီသမိုင်းကြောင်းရှည်လျားတဲ့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကိုလည်း ဖတ်စရာကဏ္ဍမှာ ဆွေးနွေးထားပါသေးတယ်။ ■

သတိပြုစရာ အကြောင်းအချက်

KEY TAKEAWAY

# မင်းပျိုမင်းလွင်များ စန်းထချိန်-၂
## ‘ငတပါးမင်း’တို့ခေတ် - တအန်း(ပလောင်)

အနိမ့်ပျံ အနိမ့်ခံကာလများ ရှိခဲ့သည့်တိုင် လူငယ်မျိုးဆက်များ၏
ကိုယ်ထူကိုယ်ထ လမ်းသစ်ထွင် အားထုတ်မှုများကြောင့် မြင်သာသောရလဒ်များ ဖြစ်ပေါ်စေခဲ့သည်။

---

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေထဲက လူငယ်လူလတ်ပိုင်း မျိုးဆက်သစ်ခေါင်းဆောင်တွေအကြောင်းကို ISP-Myanmar က အပိုင်းဆက်ဖော်ပြနေပါတယ်။ ဒီတပတ်မှာတော့ တအန်း(ပလောင်) မျိုးဆက်သစ်ခေါင်းဆောင်တွေနဲ့ သူတို့ရဲ့မျှော်ရည်ချက်တွေအကြောင်းလေ့လာချက်ကို ဖော်ပြပါမယ်။ ‘မင်းပျိုမင်းလွင်များ စန်းထချိန်-၁’ မှာတော့ ‘ဝ’ဒေသမှာ ပွဲထုတ်လာတဲ့ လူငယ်မျက်နှာသစ် ခေါင်းဆောင်တွေအကြောင်းကို တစိတ်တပိုင်း ဖော်ပြပြီးပါပြီ။ နှိုင်းယှဉ်ချက်အရ တအန်း(ပလောင်) မျိုးဆက်သစ်ခေါင်းဆောင်တွေရဲ့ လမ်းထွင်မှုဟာ ‘ဝ’ မျိုးဆက်သစ်ခေါင်းဆောင်တွေ နေရာရလာပုံနဲ့ မတူကြပါဘူး။ ‘ဝ’မျိုးဆက်သစ်ခေါင်းဆောင်တွေဟာ လက်ရှိ ဒါမှမဟုတ် အရင်ခေါင်းဆောင်ဟောင်းတွေရဲ့ မိသားစုဝင်တွေဖြစ်ကြပါတယ်။ တနည်းအားဖြင့် ခေါင်းဆောင်မှုဆက်ခံဖို့ လျာထားတဲ့ ‘နန်းလျာ’သဘော ပိုဆန်ပါတယ်။ တအန်း(ပလောင်) မျိုးဆက်ခေါင်းဆောင်တွေကတော့ ကိုယ်ထူကိုယ်ထ လမ်းဖောက်ခဲ့ကြသူတွေနဲ့ ပိုတူပြီး မြန်မာ့သမိုင်းမှာ ညွှန်းပြုဖော်ပြလေ့ရှိတဲ့ ‘ငတပါးမင်း’[၁]တွေနဲ့ ပိုတူပါတယ်။ တအန်း(ပလောင်)မျိုးဆက်များလိုပဲ ရခိုင်၊ ကရင်နီအပါအဝင် နွေဦးတော်လှန်ရေးမှာ ကိုယ်ထူကိုယ်ထ လမ်းဖောက်နေကြတဲ့ လူငယ်မျိုးဆက်တွေဟာလည်း ‘ငတပါးမင်း’တွေနဲ့ အလားတူပြီး သူတို့အကြောင်းတွေကို နောင်လာမယ့် ISP Insight Email တွေမှာ ဖော်ပြဖို့ရှိပါတယ်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ဟာ ‘စစ်ဆင်ရေး ၁၀၂၇’ အလွန်မှာ မြို့ခုနစ်မြို့ကို ထိန်းချုပ်ထားပြီး ကျယ်ပြန့်တဲ့နယ်မြေ ရထားပါတယ်။ နှစ်ပေါင်း ၅၀ အတွင်း တအန်း(ပလောင်) တော်လှန်ရေးသမိုင်းမှာ တကြိမ်မျှမရခဲ့ဖူးတဲ့ အောင်မြင်မှုလို့

---

[၁] မင်းမျိုးမင်းနွယ် နန်းလျာဆက်ခံသူမဟုတ်ဘဲ တပါးကမင်း ဖြစ်လာသူကို ‘ငတပါးမင်း’ဟု ခေါ်တွင်ပါသည်။ ပထမ သရေခေတ္တရာမင်းဆက် (ဘီစီ-၉၈) တွင် မောင်ရှင်ငယ်သည် ဒွတ္တဘောင်မင်းဆက်၏ အမျိုးအနွယ်မဟုတ်ဘဲ ရှင်ဘုရင် ဖြစ်လာသည့် အတွက် ၎င်းကို ‘ငတပါးမင်း’ဟူ၍ ရာဇဝင်ဆရာတို့က ခေါ်တွင်ခဲ့ကြသည်။ မြန်မာ့သမိုင်းတွင် ကျွန်စစ်သား(ထီးလှိုင်ရှင်)၊ ရာဇာဓိပတိ(ဓမ္မစေတီမင်း)၊ ဖြိုမိုင်းမိရာဇာ(ဗညားဒလ)နှင့် အလောင်းမင်းတရား (ဦးအောင်ဇေယျ) တို့ကိုလည်း ထင်ရှားသော ‘ငတပါးမင်း’များအဖြစ် အညွှန်းပြုလေ့ရှိပါသည်။

ဆိုနိုင်ပါတယ်။ အရင်ရှိခဲ့တဲ့ ပလောင်တော်လှန်ရေးတွေ၊ မျိုးဆက်ဟောင်း ခေါင်းဆောင်မှုတွေနဲ့ မတူတော့ဘဲ ရလဒ်ဖော်ဆောင်မှုအပိုင်းမှာပါ လုံးဝကွာခြားခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ လူငယ်လူလတ်ပိုင်းတွေရဲ့ မျိုးဆက်စုဖွဲ့မှုနဲ့ 'နိုင်ငံသစ်/ပြည်နယ်သစ်' တခုအတွက် လိုအပ်မယ့် ခေါင်းဆောင်မှု၊ အင်စတီကျူးရှင်း၊ ယန္တရားတွေ စနစ်တကျ ပြင်ဆင်နေတာလည်း မြင်ရပါတယ်။

တအန်း(ပလောင်) အမျိုးသားရေးလှုပ်ရှားမှုနဲ့ တော်လှန်ရေးတွေဟာ ၁၉၆၃ ခုနှစ်ကနေ စတင်ခဲ့ပြီး ခေတ်အဆက်ဆက် အဆင့်ဆင့် ပြောင်းလဲရပ်တည်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ ပလောင်အမျိုးသားတပ်ဦး (PNF) ကို ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့/ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် (PSLO/PSLA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF) အဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး ယူခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အပစ်မရပ်ချင်သူခေါင်းဆောင်တွေနဲ့ အဖွဲ့တွေကွဲပြားခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်ရောက်ချိန် ထိုင်း-မြန်မာနယ်စပ် မာနယ်ပလောမှာ ကျန်ခဲ့တဲ့သူတွေက ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ကို ဖွဲ့စည်းခဲ့ပါတယ်။ PSLF ဟာ တပ်ပေါင်းစုဖြစ်တဲ့ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) ရဲ့ ပထမအကြိမ်ညီလာခံကို တက်ခွင့်ရခဲ့သလို NDF မှာလည်း ဆက်လက်ပူးပေါင်းခဲ့ပါတယ်။ ကျန်ရစ်ခဲ့တဲ့ လူငယ်ခေါင်းဆောင်တချို့ဟာ တော်လှန်ရေးခရီးဆက်နိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့ရပြီး ကြားထဲမှာ နိမ့်နိမ့်ပျံ့ရတဲ့ကာလတွေရော၊ အနိမ့်ခံကာလတွေပါ ရှိခဲ့ပါတယ်။ PSLF ဖွဲ့စည်းခဲ့ပြီး အစောပိုင်းမှာ လက်နက်ကိုင်တပ် ဖွဲ့စည်းနိုင်တာမျိုးမရှိခဲ့ဘဲ နိုင်ငံရေးအသိပညာပေး သင်တန်းတွေဖွင့်တာ၊ တအန်း(ပလောင်)လူငယ်တွေရဲ့ ပညာရေးပိုင်းဆိုင်ရာတွေအတွက် ကူညီပံ့ပိုးခြင်းတွေသာ လုပ်နိုင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ တပ်ဖွဲ့ဖို့ စတင်ပြင်ဆင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ လက်နက်ကိုင်တပ်အဖြစ် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကို ဖွဲ့စည်းနိုင်ခဲ့ကြပါတယ်။

တဖက်မှာလည်း နဝတစစ်အစိုးရနဲ့ အပစ်ရပ်သဘောတူခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရဲ့ အထူးဒေသ-၇ အဖြစ် သတ်မှတ်နယ်မြေရရှိခဲ့တဲ့ (ဦးအိုက်မုန်း ဦးဆောင်သော) PSLO/PSLA အဖွဲ့ဟာ ၂၀၀၅ ခုနှစ် ဧပြီ ၂၉ ရက်မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရဆီ လက်နက်အပ်ခဲ့ပါတယ်။ မိုင်းအိုက်ကော်ရေးသားပြီး ၂၀၁၇ ခုနှစ်မှာထုတ်ခဲ့တဲ့ 'တအန်း(ပလောင်) လူမျိုးသမိုင်း' စာအုပ် (စာမျက်နှာ-၂၉၃)မှာဖော်ပြချက်အရ စစ်အစိုးရရဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က PSLO

## ရဲဘော် ၄၂ ဦး၊ ရိုင်ဖယ် ၂၂ လက်ဖြင့် စတင်ခဲ့ခြင်း

ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF) ၏ လက်နက်ကိုင်တပ်ဖြစ်သော တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကို ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့သော PSLF ၏ တတိယအကြိမ်ညီလာခံအပြီးတွင် ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းချိန်တွင် PSLO/PSLA တပ်မှူးကြီးတချို့နှင့် လူငယ်များ စုစည်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) ထံမှ သင်တန်းဆင်းလာသော TNLA တပ်ဖွဲ့ဝင် တအန်း (ပလောင်) လူငယ် ၄၂ ဦးသည် ရိုင်ဖယ်သေနတ် ၂၂ လက်နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေလီမြစ်ဝှမ်းဒေသသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် တအန်း(ပလောင်)ဒေသ၌ ပြန်လည်အခြေချခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အင်အား ၅၀၀ ခန့်အထိ တိုးပွားခဲ့ပြီး ဆယ်စုနှစ်တခုအကြာ ၂၀၂၃ ခုနှစ်တွင် အင်အား သောင်းဂဏန်းအထိ ကြီးထွားလာသည်။

အတွေ့အကြုံရှိ လူကြီးများနှင့် လူငယ်မျိုးဆက်များဖြင့် ဖွဲ့စည်းခဲ့သော PSLF/TNLA သည် တပ်ပေါင်းစုဖြင့် လှုပ်ရှားခြင်းကိုလည်း အစဉ်အလာအတိုင်း ဆက်ခံခဲ့သည်။ ယခင်က **အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)** နှင့် **မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB)** တပ်ပေါင်းစုတို့၌ ပါဝင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် KIO ဦးဆောင်ပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) အပါအဝင် EAOs ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့သည့် **ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)** တွင်လည်း အဖွဲ့ဝင်အဖြစ်ပါခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် UNFC မှ နုတ်ထွက်လိုက်ပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ရက္ခိုင့်တပ်တော် (AA) နှင့် မြန်မာအမျိုးသားမဟာမိတ်ဒီမိုကရက်တစ်တပ်မတော် (MNDAA) တို့ ပါဝင်ဖွဲ့စည်းသော **မြောက်ပိုင်းမဟာမိတ်အဖွဲ့**၌ အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) က ဦးဆောင်ဖွဲ့စည်းခဲ့သော **ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)** တွင်လည်း မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့်အတူ ပါဝင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လတွင် MNDAA၊ AA တို့နှင့် ပူးပေါင်း၍ **ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA)** ကို ဖွဲ့စည်းခဲ့ပြီး 'စစ်ဆင်ရေး ၁၀၂၇' အလွန် လက်ရှိအချိန်အထိ စစ်ရေးမဟာမိတ်အဖြစ် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

အပေါ် လူထုထောက်ခံမှုကျဆင်းလာတဲ့ အခြေအနေနဲ့ ဘဏ္ဍာငွေပြတ်လပ်မှုတွေကို အကြောင်းပြုပြီး လက်နက်ဖြုတ်သိမ်းဖို့ ဖိအားပေးခဲ့တယ်လို့ ဆိုပါတယ်။ **"မင်းတို့ လက်နက်မအပ်ဘူး၊ မချဘူးဆိုရင် မုံးကိုးမှ လီယမင်တို့၊ မုန်ဆာလတို့လို ခန်းမထဲမှာ ပိတ်လှောင်ပြီး ဝိုင်းပစ်သတ်ခံရမယ်"**[၂]လို့ ပြင်းပြင်းထန်ထန် ခြိမ်းခြောက်ပြောဆိုကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့်ပဲ အင်အား ၃၀၀-၅၀၀ ခန့်ရှိတယ်လို့ ခန့်မှန်းကြတဲ့ PSLO/PSLA အဖွဲ့ဟာ

[၂] ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလအတွင်း မုံးကိုးမြို့ ဟောမိုးလုံဒေသ၌ ပေါ်ပေါက်ခဲ့သော ဖြစ်စဉ်ကို ဆိုလိုပါသည်။ (MNDAA ခွဲထွက် ကိုးကန့် အဖွဲ့ဖြစ်သော) မုံးကိုးကာကွယ်ရေးတပ်ဖွဲ့ (MDA) ခေါင်းဆောင် ဦးမုန်ဆာလနှင့် လီနင်မင်တို့အကြား အာဏာလုပွဲ ဖြစ်ခဲ့ပြီး မြန်မာစစ်တပ်ကကြားဝင်၍ ဦးမုန်ဆာလအား ဖမ်းဆီးခဲ့သည်။ ထို့အပြင် လီနင်မင်နှင့် တပ်ဖွဲ့ဝင် ရာဂဏန်းကိုလည်း ရှင်းလင်းခဲ့ကာ MDA လည်း ချေမှုန်းခံလိုက်ရသည်။ ဗိုလ်ချုပ်မြင့်လှိုင်မှာ ထိုအချိန်က စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်-၁၆ ၏ တပ်မှူး ဖြစ်ပါသည်။

- စစ်အစိုးရကို လက်နက်အပ်ခဲ့ပြီး တခန်းရပ်သွားပါတယ်။ PSLO အဖွဲ့ ဥက္ကဌ ဦးအိုက်မုန်း ဟာ နောက်ပိုင်းမှာ **'တအာင်းအမျိုးသားပါတီ'** (TNP) ရဲ့ ဥက္ကဌဖြစ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ရွေးကောက်ခံအမတ်ဖြစ်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်မှာ အခြား နိုင်ငံရေးပါတီတွေနဲ့အတူ TNP ပါတီကိုလည်း စစ်ကောင်စီက ဖျက်သိမ်းလိုက်ပါတယ်။ ဦး အိုက်မုန်းကိုတော့ စစ်ကောင်စီက ဝဏ္ဏကျော်ထင်ဘွဲ့ပေးခဲ့ပါတယ်။ ဒါပေမဲ့ PSLO ကို စစ် အစိုးရက ဖိအားပေး လက်နက်ဖြုတ်သိမ်းချိန်မှာ စိတ်နာကြည်းသွားခဲ့တဲ့ လူငယ်ခေါင်း ဆောင်တွေဟာ နောက်ပိုင်းမှာ PSLF/TNLA ရဲ့ ထိပ်တန်းခေါင်းဆောင်တွေ ဖြစ်လာပါတယ်။

အခုချိန်မှာတော့ PSLF/TNLA ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကော်မတီဝင် ၁၁ ဦးထဲမှာ အသက် ၅၀ ကျော်သူ လေးဦးသာရှိပြီး ကျန်တဲ့သူတွေက အသက် ၅၀ အောက်တွေဖြစ်ပါ တယ်။ ဗဟိုကော်မတီကိုလည်း ၂၇ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ထဲမှာ အမျိုးသမီးပါဝင်တာမျိုးမရှိပေမဲ့ ဗဟိုကော်မတီမှာ အမျိုးသမီး ဗိုလ်မှူးနှစ်ဦးကို တာဝန်ပေးထားတာ တွေ့ရပါတယ်။ ဦးဆောင်သူတွေရဲ့ အသက်အရွယ်ကိုကြည့်ရင် သမိုင်း ဖြတ်သန်းမှုလည်းရှိသလို လက်ဦးမှုယူ စဉ်းစားဦးဆောင်နိုင်မှု၊ လမ်းသစ်ထွင်လိုမှုနဲ့ သွက် လက်ဖျတ်လတ်မှု အခြေခံကောင်းတွေရှိတာ မြင်ရပါတယ်။ ဒါဟာ စစ်ကောင်စီအတွက်သာ မက သမိုင်းဖြတ်သန်းမှုသမ္ဘာရှိတဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ သျှမ်းပြည်ပြန် လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)၊ ကရင် အမျိုးသားအစည်းအရုံး (KNU) တို့လို အဖွဲ့ကြီးတွေမှာ ဦးဆောင်နေတဲ့ မျိုးဆက်တွေနဲ့ ယှဉ်တွဲစဉ်းစားစရာ ဖြစ်ပါတယ်။ **'မင်းပျိုမင်းလွင်များစန်းထချိန်-၁'**မှာဆိုခဲ့သလိုပဲ မျိုးဆက် ကွာဟမှုနဲ့ အဖွဲ့အစည်း အတွင်းအပြင် ဆုံးဖြတ်ဆောင်ရွက်မှုတွေက ပြောင်းလဲနေတဲ့ အခြေအနေတွေအပေါ် သက်ရောက်မှုရှိနိုင်ပါတယ်။ လူငယ်လူလတ်ပိုင်းမျိုးဆက်တွေရဲ့ စဉ်းစားတွေးခေါ်ပုံနဲ့ ပိုင်းဖြတ်မှုတွေဟာ အခြေအနေအရပ်ရပ်မှာ ပိုနေမြဲကျားနေမြဲ (status quo) အထိုင်မှာနေချင်တဲ့၊ အရဲကိုးစွန့်စားရမှုကိုလည်း လက်ရှောင်ချင်တဲ့ (risk-avert) မျိုးဆက်ဟောင်းတွေရဲ့ စဉ်းစားပုံနဲ့ မတူနိုင်တော့ပါဘူး။

PSLF/TNLA ရဲ့ ဥက္ကဌဖြစ်တဲ့ **ဗိုလ်ချုပ်ကြီး တားအိုက်ဘုန်း**ဟာ လူလတ်ပိုင်းအရွယ် ခေါင်း ဆောင်တဦးဖြစ်ပါတယ်။ PSLO အပစ်ရပ်စဉ်ကာလက ထိုင်း-မြန်မာနယ်စပ် မာနယ်ပလော DAB တပ်ပေါင်းစုဌာနချုပ်မှာ တာဝန်ယူရင်း ကျန်နေခဲ့သူ လူငယ် 'မိုင်းအိုက်ဘုန်း'ပါ။ အဖွဲ့ ရပ်တည်နိုင်ရေးနဲ့ တော်လှန်ရေး ရှေ့ဆက်နိုင်ဖို့ ခဲယဉ်းပင်ပန်းစွာ ကြိုးပမ်းခဲ့ရသူလည်း ဖြစ်ပါ တယ်။ အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ဖို့ ၂၀၀၇ ခုနှစ်တဝိုက်မှာ ထိုင်း-မြန်မာနယ်စပ် ကနေ တအန်း(ပလောင်)ဒေသကို ပြန်သွားခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေး ပြန်စခဲ့သူပါ။

## PSLF/TNLA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၁ ဦး

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ၁၁ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်ကြီး တားအိုက်ဘုန်းဖြစ်ပါသည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၁ ဦးအနက် လေးဦးသာ အသက် ၅၀ ကျော်များဖြစ်ပြီး ကျန်သူများမှာ အသက် ၅၀ နှစ်အောက်အရွယ်များဖြစ်ကြသည်။ နောက်ထပ်အလွှာတခုဖြစ်သော ဗဟိုကော်မတီကို ဗဟိုအလုပ်အမှုဆောင်များအပါအဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အမျိုးသမီးပါဝင်ခြင်းမရှိသော်လည်း ဗဟိုကော်မတီထဲတွင် အမျိုးသမီး ဗိုလ်မှူးနှစ်ဦးကို တာဝန်ပေးထားသည်။



တားအိုက်ဘုန်း
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ



တားဂျုတ်ဂျား
ဒုတိယဗိုလ်ချုပ်ကြီး
ဒုတိယဥက္ကဋ္ဌ-၁



တားခူးလန်း
ဗိုလ်ချုပ်
ဒုတိယဥက္ကဋ္ဌ-၂



တားဘုန်းကျော်
ဗိုလ်ချုပ်
အထွေထွေအတွင်းရေးမှူးချုပ်



တားဟိုပလန်
ဗိုလ်ချုပ်
စစ်ဦးစီးချုပ်



တားအိမ်တမာဝ်း
ဗိုလ်မှူးချုပ်
တွဲဖက်အထွေထွေအတွင်းရေးမှူး-၁



တားဂူဇာရ်
ဗိုလ်မှူးချုပ်
ဗဟိုအထွေထွေ အုပ်ချုပ်ရေးဌာနမှူး



တားနောရိန်း
ဗိုလ်မှူးချုပ်
စစ်ဦးစီးဌာန



တားလုမ်ကျော်မြ
ဗိုလ်မှူးချုပ်
အကောက်ခွန်ဌာန



တာပန်လ
ဗိုလ်မှူးကြီး
တွဲဖက်အထွေထွေအတွင်းရေးမှူး-၂



တားကုင်ခြိရ်
ဗိုလ်မှူးကြီး
ရဲချုပ်

ဒုတိယဥက္ကဋ္ဌ-၁ **ဒုတိယဗိုလ်ချုပ်ကြီး တားဂျုတ်ဂျား**က PSLO ဥက္ကဋ္ဌဟောင်း ဦးအိုက်မုန်းရဲ့ ကိုယ်ရေးအကူအရာရှိနဲ့ ဆက်သွယ်ရေးစက်ကိုင်တဲ့ ရဲဘော်လူငယ်ဖြစ်ခဲ့သူပါ။ ၂၀၀၅ ခုနှစ်မှာ စစ်အစိုးရက PSLO ကို လက်နက်ဖြုတ်သိမ်းတဲ့မြင်ကွင်းကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူဖြစ်ပြီး စိတ်အနာကြီး နာကြည်းခဲ့ရတယ်လို့လည်း ဆိုပါတယ်။ ဒုတိယဥက္ကဋ္ဌ-၂ **ဗိုလ်ချုပ် တားခူးလန်း**က အဖွဲ့ထဲမှာ အသက်အရွယ်အရ အတွေ့အကြုံများသူ၊ ရင့်ကျက်သူတဦးဖြစ်တဲ့အပြင် လူချစ်လူခင်ပေါပြီး ပြင်ပဆက်ဆံရေးကောင်းသူတဦးဖြစ်ပါတယ်။ လူငယ်တွေနဲ့ ထွေးရောယှက်တင် ဆွေးနွေးဖလှယ်တတ်သူတဦးလည်း ဖြစ်ပါတယ်။ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ TNLA မှာ အဓိကကျသူတဦးလို့ ဆိုရမယ့် **ဗိုလ်ချုပ် တားဘုန်းကျော်**ဟာ တချိန်တုန်းက တအန်းလူငယ် အဖွဲ့အစည်းတခုရဲ့ ခေါင်းဆောင်ဖြစ်ခဲ့သလို **ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)** က ထိုင်း-မြန်မာနယ်စပ်မှာ ဖွင့်လှစ်တဲ့ တနှစ်ကြာ နိုင်ငံခြားရေးသင်တန်းကို တက်ဖူးသူလည်းဖြစ်ပါတယ်။ သူဟာ ထိုင်း-မြန်မာနယ်စပ်မှာ ကာလရှည် ကျင်လည်လှုပ်ရှားခဲ့သူဖြစ်ပြီး တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့လည်း အဆက်အစပ်များသူတဦး ဖြစ်ပါတယ်။ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဖြစ်တဲ့ **ဗိုလ်မှူးချုပ် တားအိုမ်တမာဝ်း**ကတော့ အာဝဇ္ဇာန်းရွှင်သူတဦးဖြစ်ပြီး ဟာသနှော ပြောဆိုတတ်သူဖြစ်ပါတယ်။ ဗိုလ်ချုပ်တားခူးလန်းလိုပဲ လူငယ်တွေနဲ့ လက်ပွန်းတတီးနေထိုင်တတ်သူလည်း ဖြစ်ပါတယ်။ တွဲဖက်အထွေထွေအတွင်းရေးမှူး-၂ **ဗိုလ်မှူးကြီး တာပန်လ**က ငယ်ရွယ်သူတဦးဖြစ်ပါတယ်။ တအန်းလူငယ်တွေကို ပျိုးထောင်ပေးနေတဲ့ လက်ဖက်မြေ နိုင်ငံရေးသိပ္ပံကျောင်း (Tealand School) ရဲ့ ကျောင်းဆင်းတဦးလည်းဖြစ်ပါတယ်။ သူက TNLA အဖွဲ့ရဲ့ ပြင်ပဆက်ဆံရေးဌာနမှူးအဖြစ်လည်း တာဝန်ယူထားပါတယ်။

ဒီနေရာမှာ လက်ဖက်မြေ နိုင်ငံရေးသိပ္ပံကျောင်းရဲ့ အခန်းကဏ္ဍကလည်း တစုံတရာ အရေးကြီးပါတယ်။ တချိန်က ထိုင်း-မြန်မာနယ်စပ်မှာ သင်တန်းယူ၊ နိုင်ငံရပ်ခြားမှာ ပညာသင်ခွင့်ရခဲ့သူတွေက တအန်း(ပလောင်) လူငယ်တွေရဲ့ နိုင်ငံရေးအသိကို မြှင့်တင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ အစောပိုင်း ၂၀၁၇-၁၈ ခုနှစ်ကာလတွေမှာ လက်ဖက်မြေကျောင်းရဲ့သင်တန်းတွေကို ပြင်ဦးလွင်မြို့မှာ ဖွင့်ခဲ့ပါတယ်။ နောက်ပိုင်းတော့ လားရှိုးမြို့ကို ပြောင်းပြီးဖွင့်ပါတယ်။ သင်တန်းကာလ နှစ်ချီကြာမြင့်ပြီး ဒီပလိုမာဘွဲ့ပေးနိုင်ရေးအထိ ရည်ရွယ်ချက်ကြီးခဲ့ကြသူတွေပါ။ သင်တန်းမှာ တအန်းဘာသာစကား၊ စာပေ၊ အင်္ဂလိပ်ဘာသာ၊ ကွန်ပျူတာ၊ လူ့အခွင့်အရေး၊ နိုင်ငံရေးသိပ္ပံ၊ ဥပဒေ၊ နိုင်ငံတကာဥပဒေနဲ့ ခေါင်းဆောင်မှုဆိုင်ရာ စတဲ့ဘာသာရပ်တွေ ပို့ချခဲ့ပြီး ဝေဖန်ပိုင်းခြားစဉ်းစားမှုတွေကို အားပေးမြှင့်တင်ခဲ့ပါတယ်။ ဒီစဉ်းစားချက်တွေကြောင့်ပဲ နောက်ပိုင်း တအန်း(ပလောင်)ဒေသမှာ အဆင့်မြင့်ဘာသာသင်ကျောင်းတွေနဲ့ အုပ်ချုပ်ရေး သင်တန်းကျောင်းတွေ ပျိုးထောင်စီစဉ်ခဲ့ကြတယ်လို့ ယူဆနိုင်ပါတယ်။

## PSLF/TNLA ၏ အုပ်ချုပ်ရေးခရိုင်များ

PSLF/TNLA ၏ အုပ်ချုပ်ရေးယန္တရားအောက်တွင် ခရိုင်ငါးခုခွဲပြီး မူဆယ်၊ နမ့်ခမ်း၊ မန်တုံ၊ နမ့်ဆန်၊ ကွတ်ခိုင်၊ လားရှိုး၊ ကျောက်မဲနှင့် မိုးကုတ်မြို့နယ်တို့ကို ထည့်သွင်းထားသည်။ 'စစ်ဆင်ရေး ၁၀၂၇' မတိုင်မီကလည်း ၎င်းမြို့နယ်များတွင် TNLA က လှုပ်ရှား-စိုးမိုးခဲ့သည်။ စစ်ဆင်ရေးအပြီးတွင် မြို့ခုနစ်မြို့ကို အပြည့်အဝထိန်းချုပ်ထားပြီး အခြားမြို့နယ်ခုနစ်ခု၌လည်း လှုပ်ရှား-စိုးမိုးလျက်ရှိသည်။ PSLF/TNLA က သတ်မှတ်ထားသည့် အုပ်ချုပ်ရေးခရိုင် ငါးခုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မန်အောင်ခရိုင်(မူဆယ်-နမ့်ခမ်းဒေသ)
၂။ ရွှေလီခရိုင်/အိုမ်တမော်ဝ်(မန်တုံ-မိုင်းဝီးဒေသ)
၃။ သံလွင်ခရိုင်/ အိုမ်ခုံး (ကွတ်ခိုင်-မုံးစီး-မိုင်းဟွမ်ဒေသ)
၄။ လားရှိုးခရိုင်/လာဆျို(လားရှိုး-မိုင်းယော်ဒေသ)
၅။ နမ့်ဆန်ခရိုင်/ အိုမ်ယံ့ရ်(နမ့်ဆန်-ကျောက်မဲ- မိုးကုတ်ဒေသ)

လတ်တလော PSLF/TNLA ထိန်းချုပ်ရာနေရာတွေမှာ တအန်းအနုပညာအကယ်ဒမီ (Ta'ang Arts Academy)၊ တအန်းနိုင်ငံရေးသိပ္ပံကျောင်း (Ta'ang School of Political Science)၊ တအန်းစိုက်ပျိုးရေးကျောင်း (Ta'ang Agricultural School) နဲ့ တအန်းပညာရေးကောလိပ် (Ta'ang Education Academy) တို့လို ပညာရေးအင်စတီကျူးရှင်းတွေ ပေါ်ထွက်လာပါတယ်။ တအန်းဒေသပညာရေးကော်မတီ (TLEC) က ဦးဆောင်ပြီး CDM (စစ်အာဏာရှင်နှင့် မပူးပေါင်းရေးလှုပ်ရှားမှု) မှာပါဝင်ခဲ့တဲ့ ဆရာ၊ ဆရာမတွေနဲ့ ပေါင်းပြီးဖွင့်မယ့် တအန်းဒေသတက္ကသိုလ် (Ta'ang Land University) ကိုလည်း ဒီနှစ်ထဲဖွင့်ဖို့ ပြင်ဆင်နေပါတယ်။

အထူးသဖြင့် 'စစ်ဆင်ရေး ၁၀၂၇' မစခင် လက်ရုံးအားနဲ့ ကျယ်ပြန့်တဲ့ နယ်မြေသိမ်းယူမှုတွေ မလုပ်ခင်ကတည်းက PSLF/TNLA ကို ဦးဆောင်သူတွေဟာ လူငယ်လူလတ်ပိုင်းတွေရဲ့ ဉာဏအားကိုပါစုစည်းပြီး အုပ်ချုပ်ရေးနဲ့ စနစ်ယန္တရား၊ အင်စတီကျူးရှင်းတည်ဆောက်ရေးကိစ္စတွေလုပ်ဖို့ ပြင်ဆင်ခဲ့ပုံရပါတယ်။ ကိုဗစ်-၁၉ ကပ်ဘေးကာလအတွင်းမှာတောင် PSLF/TNLA ရဲ့ အုပ်ချုပ်ရေးသင်တန်းကျောင်း အပတ်စဉ်-၁ ကို စတင်ခဲ့ပါတယ်။ အခု အပတ်စဉ်-၂ ကို ပြန်စနေပါပြီ။ 'စစ်ဆင်ရေး ၁၀၂၇' အတွင်း PSLF/ TNLA ရဲ့ အုပ်ချုပ်ရေးဌာနက အပတ်စဉ်-၄ အခြေခံရဲသင်တန်းနဲ့ အပတ်စဉ်-၈ အထွေထွေအုပ်ချုပ်ရေးဌာနဆိုင်ရာ ရုံးစီမံမှုသင်တန်းနှစ်ခု ပြီးစီးခဲ့တာ လေ့လာတွေ့ရှိရပါတယ်။ အဲဒီသင်တန်းနှစ်ခုကနေ ရဲတပ်ဖွဲ့ဝင် ၃၈ ဦး၊ ရုံးစီမံသူ ၄၈ ဦး ပြီးစီးအောင်မြင်ခဲ့တယ်လို့ ဆိုပါတယ်။

PSLF/TNLA ရဲ့ အုပ်ချုပ်ရေးဌာနကနေ စုစုပေါင်း ရဲတပ်ဖွဲ့ဝင် ၁၆၆ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးစီမံသူ ၂၀၀ ကျော်ကို သင်တန်းပေးပြီးဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ကို တအန်း(ပလောင်) ပြည်နယ်ရဲ့ ခရိုင်၊ မြို့ ရွာ အုပ်ချုပ်ရေးအဆင့်ဆင့်နဲ့ တရားဥပဒေစိုးမိုးရေး ကဏ္ဍတွေမှာ တာဝန်ပေးဖို့ ရည်ရွယ်ထားပါတယ်။ တဖက်မှာလည်း တအန်းပြည်နယ် အခြေခံဥပဒေတရပ်ကို PSLF/TNLA အပါအဝင် တအန်းနိုင်ငံရေးအသိုက်အဝန်းနဲ့ အရပ်ဘက်အဖွဲ့တွေအကြား ပြင်ဆင်နေတာ သုံးနှစ်ကျော်ရှိပါပြီ။ ဒီဥပဒေဟာ ၂၀၂၅ ခုနှစ်မှာ ပေါ်ထွက်ဖို့ ပြင်ဆင်နေတဲ့ တအန်းအုပ်ချုပ်ရေးယန္တရားသစ်ရဲ့ ဥပဒေလည်း ဖြစ်လာနိုင်ပါတယ်။ အင်စတီကျူးရှင်းနဲ့ အုပ်ချုပ်ရေးယန္တရားပိုင်း တည်ဆောက်မှုကို ရုပ်လုံးပေါ်အောင် ကြိုးစားနေချိန်မှာပဲ ဒေသတွင်းမှာရှိတဲ့ မတူညီတဲ့ တိုင်းရင်းသားလူမျိုးစုများအကြားပဋိပက္ခ (Inter-Ethnic Conflict) လို အကဲဆတ်တဲ့ အခြေအနေတွေလည်း ရှိပါတယ်။

## PSLF/TNLA နှင့် အကဲဆတ်သော အခြေအနေများ

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) အပါအဝင် ညီနောင်မဟာမိတ်သုံးဖွဲ့သည် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် နီးကပ်သော မဟာမိတ်ဆက်ဆံရေးရှိသဖြင့် ၎င်းတို့၏ စစ်ရေး-နိုင်ငံရေး ရပ်တည်ချက်များမှာ 'ဝ'မိုဒယ်အပေါ် ယိမ်းယိုင်နိုင်ခြေရှိသည်ဆိုသော အညွှန်းခံရမှုများ ရှိပါသည်။ PSLF/TNLA ခေါင်းဆောင်များ၏ ဆိုစကားများနှင့် ထုတ်ပြန်ချက်များတွင် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လွတ်လပ်ငြိမ်းချမ်းပြီး တန်းတူညီမျှမှုရှိသော ဖက်ဒရယ်စံနှုန်းများအား အလေးထားကြောင်း ပြောဆိုမှုများကို တွေ့ရလေ့ရှိသည်။ စစ်ဘက်အခြေပြု တည်ဆောက်သော (Autocratic Leadership) ပုံစံမျိုးထက် အရပ်သားဗဟိုပြု အုပ်ချုပ်ရေးယန္တရား ထူထောင်လိုသည့် နိုင်ငံရေးအာသီသ ပြဆိုခြင်းများလည်း မြင်ရပါသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇-၂၁ ရက် အတွင်းပြုလုပ်ခဲ့သော PSLF/TNLA နှစ်ပတ်လည်အစည်းအဝေး ဆုံးဖြတ်ချက်တွင် '၂၀၂၅ နှစ်သစ်မှာ လူထုဆန္ဒကိုအခြေခံတဲ့ လူထုအုပ်ချုပ်မှုအစိုးရ ပေါ်ပေါက်လာဖို့ ကြိုးပမ်းဆောင်ရွက်သွားမယ်'ဟု ဆိုထားသည်။ လူထုအုပ်ချုပ်မှု အစိုးရသစ်သည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးများကို အလေးပေးမည်ဖြစ်ပြီး တအန်း(ပလောင်)ဒေသတွင်း အခြားအဖွဲ့အစည်းများကဝင်ရောက်၍ စစ်သားစုဆောင်းခြင်း၊ အခွန်ကောက်ခြင်းများ မဖြစ်အောင် ကာကွယ်လုပ်ဆောင်သွားမည်ဟုလည်း ဖော်ပြခဲ့သည်။

သမိုင်းအတွေ့အကြုံများအရ အဖွဲ့သေး၍ ငြင်းပယ်ခံရခြင်း၊ အနိုမ်ခံရခြင်းဆိုသော နာကြည်းခံစားချက်များလည်း PSLF/TNLA တွင် ရှိနေနိုင်ပါသည်။ ဥပမာ- PSLO/PSLA အဖွဲ့ကို စစ်အစိုးရက ချေမှုန်းခဲ့ခြင်း၊ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တွင် အခြားသော EAOs များနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည့်တိုင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးချိန်၌ ငြင်းပယ်ခံရခြင်း၊ 'လက်နက်စွန့်ပါမည်'ဆိုသော သဘောထားကြေညာရန် မြန်မာစစ်တပ်က ဖိအားပေးခဲ့သည်ကို မလိုက်လျောသဖြင့် ၂၀၁၆ ခုနှစ်တွင် ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံသို့ (စာတမ်းဖတ်ခွင့်သာရခဲ့ပြီး) တရားဝင် တက်ရောက်ခွင့်မရှိခဲ့ခြင်း၊ ဒေသတွင်း၌ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဖိနှိပ်မှု၊ တအန်း(ပလောင်)

- လူငယ်များအား စစ်သားစုဆောင်း၍ အခြားလက်နက်ကိုင်အဖွဲ့များ၌ အသုံးချခြင်းနှင့် မူးယစ်ဆေးဝါးပြဿနာ ကြီးထွားခဲ့ပြီး တအန်း(ပလောင်)လူထုအနေနှင့် ဒုက္ခများ ကြုံတွေ့ခဲ့ရခြင်း စသည်တို့ကလည်း PSLF/TNLA အတွက် ခါးသီးမှုများ ဖြစ်စေခဲ့သည်။ တချိန်တည်းမှာပင် တအန်း(ပလောင်)တို့၏ 'နယ်မြေအိပ်မက်' မပြီးသေးဟု ယူဆနိုင်မည့် သမိုင်းအထောက်အထားများရှိနေသည်။ ၁၉၉၃-၉၄ ခုနှစ် အမျိုးသားညီလာခံကို တက်ရောက်ခဲ့သော တအန်း(ပလောင်) ခေါင်းဆောင်များက ပလောင်တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကို မြို့နယ် ၁၀ ခုဖြင့် ဖွဲ့စည်းရန် တောင်းဆိုခဲ့ဖူးသည်။ အဆိုပါ ရည်ညွှန်းမြို့နယ် ၁၀ ခုမှာ -

  ၁။ နမ့်ခမ်းမြို့နယ်၊
  ၂။ ကွတ်ခိုင်မြို့နယ်၊
  ၃။ နမ္မတူမြို့နယ်၊
  ၄။ နမ့်ဆန်မြို့နယ်၊
  ၅။ ကျောက်မဲမြို့နယ်၊
  ၆။ သီပေါမြို့နယ် အနောက်ခြမ်းနှင့် မြောက်ခြမ်း၊
  ၇။ မန်တုံ (မြို့သစ်)၊
  ၈။ မိုင်းငေါ့(မြို့သစ်)၊
  ၉။ မိုးမိတ်မြို့နယ်နှင့်
  ၁၀။ မိုးကုတ်မြို့နယ်မှ တအန်း(ပလောင်) ကျေးရွာအုပ်စုများဖြစ်သည်။

ထိုတောင်းဆိုချက်မှာ အသိအမှတ်ပြုခံခဲ့ရခြင်းမရှိဘဲ စစ်ကောင်စီ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နမ့်ဆန်နှင့် မန်တုံမြို့နယ်နှစ်ခုကိုသာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့သည်။ လက်ရှိအချိန်တွင် တအန်း(ပလောင်) ခေါင်းဆောင်ဟောင်းများတောင်းဆိုခဲ့သော ရည်ညွှန်းမြို့နယ် ၁၀ ခုအနက် မိုးကုတ်၊ ကျောက်မဲ၊ သီပေါနှင့် မိုးမိတ် မြို့နယ်များမှလွဲ၍ ကျန်ဒေသအများစုကို PSLF/TNLA က အလုံးစုံ သို့မဟုတ် တစိတ်တပိုင်း သိမ်းယူထိန်းချုပ်ထားပြီး အုပ်ချုပ်ရေးယန္တရားထူထောင်ရန် ပြင်ဆင်နေပါသည်။ ထိုအခြေအနေကလည်း ဒေသခံတိုင်းရင်းသားများအကြား အကဲဆတ်မှုများ ဖြစ်လာနိုင်ခြေရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက် ၂၀၁၉ ခုနှစ် စာရင်းများအရ နေထိုင်ရာလူဦးရေကို အခြေခံကြည့်ပါက ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင် PSLF/TNLA က အလုံးစုံ သို့မဟုတ် တစိတ်တပိုင်း သိမ်းယူထိန်းချုပ်ထားသည့် မြို့နယ်များအနက်) **နမ့်ဆန်မြို့နယ်**တွင် တအန်း(ပလောင်) အများဆုံးရှိနေပြီး **၉၀ ဒသမ ၅ ရာခိုင်နှုန်း**ဖြစ်သည်။ **နမ့်ခမ်းမြို့နယ်**တွင်မူ ရှမ်းအများဆုံးနေထိုင်ပြီး **၄၀ ဒသမ ၉၄ ရာခိုင်နှုန်း**ရှိသည်။ တအန်း(ပလောင်) မှာ **၃၄ ဒသမ ၁၃ ရာခိုင်နှုန်း** ဖြစ်ပါသည်။ **မန်တုံမြို့နယ်**တွင်မူ တအန်း(ပလောင်) အများဆုံးနေထိုင်ပြီး **၆၄ ဒသမ ၈ ရာခိုင်နှုန်း** ရှိသည်။ **နမ္မတူမြို့နယ်**တွင် ရှမ်းအများဆုံးဖြစ်ပြီး **၄၂ ဒသမ ၅၃ ရာခိုင်နှုန်း** ရှိသည်။ တအန်း(ပလောင်) အရေအတွက်မှာ **၁၅ ဒသမ ၄ ရာခိုင်နှုန်း** ဖြစ်ပါသည်။ **ကျောက်မဲမြို့နယ်**တွင်လည်း ရှမ်းအများဆုံးနေထိုင်ပြီး **၅၈ ဒသမ ၆ ရာခိုင်နှုန်း** ရှိပါသည်။ တအန်း(ပလောင်) အရေအတွက်မှာ **၁၈ ဒသမ ၆ ရာခိုင်နှုန်း** ဖြစ်သည်။ **ကွတ်ခိုင်မြို့နယ်**တွင်မူ မုန်းဝန်း အများဆုံးနေထိုင်ပြီး **၂၈ ဒသမ ၉ ရာခိုင်နှုန်း**၊ တအန်း(ပလောင်) **၂၄ ဒသမ ၉ ရာခိုင်နှုန်း**နှင့် ကချင် **၂၃ ဒသမ ၉ ရာ ခိုင်နှုန်း** နေထိုင်ကြသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ်များတွင် တအန်း(ပလောင်)၊ ကချင်၊ ရှမ်းနှင့် လီရှော စသည့် လူမျိုးများ ရောနှောနေထိုင်လျက်ရှိပြီး နယ်မြေအငြင်းပွားမှုများနှင့် လူမျိုးရေးအရ တင်းမာမှုဖြစ်ခဲ့သော သမိုင်းအတွေ့အကြုံများလည်း ရှိပါသည်။ လက်ရှိ PSLF/TNLA က ထိန်းချုပ်ထားသည့် မြို့နယ်များထဲတွင် KIA နှင့် SSPP ကဲ့သို့သော EAOs များနှင့် ပြည်သူ့စစ်အဖွဲ့များ အခြေစိုက်လှုပ်ရှားနေသည့် ဒေသများလည်း ပါဝင်နေသည်။ တအန်း (ပလောင်) နိုင်ငံရေးအဝန်းအဝိုင်းက မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူ၊ နမ့်ခမ်း၊ လားရှိုး၊ ကျောက်မဲနှင့် မိုးကုတ်မြို့နယ်တို့ကိုပါ တအန်း (ပလောင်) ပြည်နယ်အဖြစ် သတ်မှတ်ထားသဖြင့် ဒေသတွင်း အတူယှဉ်တွဲနေထိုင်နေကြသော ရှမ်းနှင့် ကချင် အပါအဝင် အခြားသော တိုင်းရင်းသားများနှင့် တအန်း(ပလောင်) တို့အကြား အားပြိုင်မှုနှင့် နယ်မြေအငြင်းပွားမှုများ ရှိလာနိုင်သည့်နည်းတူ စစ်ရေးတင်းမာမှုများလည်း ဖြစ်လာနိုင်သည်။ PSLF/TNLA ခေါင်းဆောင်ပိုင်းတဦးကမူ လက်ရှိအနေအထားကို တအန်း(ပလောင်) ပြည်နယ်ဆိုခြင်းထက် စစ်အာဏာရှင်စနစ်အောက်မှ ဆွဲထုတ်လာသော နယ်မြေများနှင့် လူထုကို PSLF/TNLA က တာဝန်ယူ၍ လုံခြုံမှုပေးထားသော နယ်မြေများအဖြစ် မှတ်ယူစေလိုကြောင်း ISP-Myanmar ကို ပြောဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာအကျပ်အတည်းများလေ့လာရေးအဖွဲ့ (ICG) က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ထုတ်ခဲ့သည့် ‘ခယောင်းလမ်းကို ပါးပါးနပ်နပ် လျှောက်လှမ်းခြင်း - ရှမ်းပြည်နယ်အတွင်း အင်အားကြီးမားလာသည့် တအန်းတပ်မတော်’ (Treading a Rocky Path: The Ta'ang Army Expands in Myanmar's Shan State) အစီရင်ခံစာတွင်လည်း PSLF/TNLA ၏ လူသစ်စုဆောင်းနေမှု၊ အပြိုင်အုပ်ချုပ်ရေးယန္တရား တည်ဆောက်နေမှုနှင့် နယ်မြေချဲ့ထွင်မှုများကြောင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တအန်း(ပလောင်)မဟုတ်သော အခြားတိုင်းရင်းသားများနှင့် ပွတ်တိုက်မှုများ၊ ဆက်ဆံရေးအဖုအထစ်များ ရှိလာနိုင်ကြောင်း ရေးသားထားသည်။ ထိုသို့သော အရှိတရား (ပကတိတရား) များကြောင့်လည်း တနိုင်ငံလုံး မဟာမိတ်တပ်ပေါင်းစုကြီး တည်ဆောက်ရေးဆိုသော စဉ်းစားချက်မှာ လက်တွေ့ဖြစ်ရန် ခက်ခဲလှကြောင်း အစီရင်ခံစာက ဆိုထားပါသည်။

အငြင်းပွားစရာတွေနဲ့ အကဲဆတ်မှုတွေ ရှိနေပေမဲ့ PSLF/TNLA ကို ဦးဆောင်နေတဲ့ လူငယ်လူလတ်ပိုင်းမျိုးဆက်တွေဟာ သူတို့ရခဲ့တဲ့ သမိုင်းအတွေ့အကြုံတွေကို အခြေခံပြီး အင်စတီကျူးရှင်းတွေရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြု ပျိုးထောင်နေပုံရပါတယ်။ ဒီအခြေအနေမှာ နယ်မြေလောဘကြောင့် လွတ်လပ်ပွင့်လင်းတဲ့ လူမှုအဖွဲ့အစည်းတရပ်ကို ထူထောင်ဖို့ ရည်မှန်းချက်တွေကိုလည်း လျစ်လျူမရှုမိဖို့ လိုအပ်လှပါတယ်။ တိုင်းရင်းသားလူမျိုးအချင်းချင်းအကြား ပွတ်တိုက်မှု၊ လူမှုပဋိပက္ခတွေနဲ့ ခွဲခြားဖိနှိပ်ဆက်ဆံမှုတွေမရှိတဲ့ အုပ်ချုပ်ရေး၊ ဆက်ဆံရေးမူဝါဒကို မဖြစ်မနေကျင့်သုံးရပါလိမ့်မယ်။ လွတ်လပ်တဲ့ တရားစီရင်မှု၊ အမျိုးသမီးနဲ့ လူငယ်တွေကို အရေးပေးနေရာပေးမှုတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့အရေးပါတဲ့ အခန်းကဏ္ဍတွေကို အလေးပေးကျင့်သုံးဖို့ လိုအပ်ပါတယ်။

## PSLF/TNLA စိုးမိုးထိန်းချုပ်ထားသော ဒေသများ၌ နေထိုင်သူများ

'စစ်ဆင်ရေး ၁၀၂၇'အလွန်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) က အလုံးစုံ သို့မဟုတ် တစိတ်တပိုင်း စိုးမိုးထိန်းချုပ်ထားသော ဒေသများရှိ မြို့နယ်များအတွင်း နေထိုင်နေကြသည့် တိုင်းရင်းသားလူမျိုးများနှင့် အရေအတွက်များ ဖြစ်ပါသည်။ မြို့နယ်ခြောက်ခုအနက် နမ့်ဆန်နှင့် မန်တုံ မြို့နယ်တို့တွင်သာ တအန်း(ပလောင်) အများစု နေထိုင်သည်ကို တွေ့ရပါသည်။ ကိန်းဂဏန်းများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက် ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသည့် မြို့နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များထဲမှ ရယူထားပါသည်။

### နမ့်ဆန်မြို့နယ်

နမ့်ဆန်မြို့အပါအဝင် မြို့နယ်တခုလုံးနီးပါးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် သိမ်းပိုက်ခဲ့သည်။




### နမ့်ခမ်းမြို့နယ်

နမ့်ခမ်းမြို့အပါအဝင် မြို့နယ်တခုလုံးနီးပါးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် သိမ်းပိုက်ခဲ့သည်။




### မန်တုံမြို့နယ်

မန်တုံမြို့နယ်တခုလုံးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် သိမ်းပိုက်ခဲ့သည်။




### နမ္မတူ မြို့နယ်

နမ္မတူမြို့အပြင် မြို့နယ်တခုလုံးနီးပါးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် သိမ်းပိုက်ခဲ့သည်။




### ကျောက်မဲမြို့နယ်

ကျောက်မဲမြို့နယ်အတွင်းက မိုင်းလုံနှင့် မိုင်းငေါ့မြို့တို့ကို
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်တို့တွင် သိမ်းပိုက်ခဲ့သည်။




### ကွတ်ခိုင်မြို့နယ်

ကွတ်ခိုင်မြို့အပါအဝင် ကွတ်ခိုင်မြို့နယ်၏ အစိတ်အပိုင်းတချို့ကို
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် သိမ်းပိုက်ခဲ့သည်။



## တအန်း(ပလောင်) မျိုးဆက်ဟောင်းများ၏ 'နယ်မြေအိပ်မက်'

၁၉၆၃ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့/ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် (PSLO/PSLA) စိုးမိုးလှုပ်ရှားခဲ့သည့် ဒေသများနှင့် ၁၉၉၃-၉၄ ခုနှစ် အမျိုးသားညီလာခံတွင် အပစ်ရပ် PSLO အဖွဲ့က တောင်းဆိုခဲ့သော နယ်မြေများဖြစ်ပါသည်။ PSLO ကိုယ်စားလှယ်များက ပလောင်ဒေသကို **'ပလောင်တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း'**အဖြစ် မြို့နယ် ၁၀ ခု ထည့်သွင်းပေးရန် တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်ကို စစ်အစိုးရက အသိအမှတ်ပြုခဲ့ခြင်းမရှိပါ။ စစ်ကောင်စီ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **နမ့်ဆန်မြို့နယ်**နှင့် **မန်တုံမြို့နယ်**နှစ်ခုကိုသာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့သည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။ အမျိုးသားညီလာခံတွင် PSLO ကိုယ်စားလှယ်များက တောင်းဆိုခဲ့သော မြို့နယ်များထဲတွင် တချို့မှာ မြို့သစ်နှင့် ကျေးရွာအုပ်စုများဖြစ်သောကြောင့် မြေပြင် နယ်မြေပိုင်းခြားမှုများနှင့် ကွဲလွဲမှုများ ရှိနိုင်သည်။

ရည်ညွှန်း - အမျိုးသားညီလာခံ စုံညီအစည်းအဝေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် နိုင်ငံတော်၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် နိုင်ငံတော်အကြီးအကဲ အခန်းများနှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ အစုအဖွဲ့များက တင်သွင်းသော အကြံပြုချက်စာတမ်းများ၊ ၂၃-၃-၉၃ မှ ၃၁-၃-၉၄ အထိ။

## PSLF/TNLA က သိမ်းယူထိန်းချုပ်ထားသော နယ်မြေများ

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) က ‘စစ်ဆင်ရေး ၁၀၂၇’ဖြင့် သိမ်းယူထိန်းချုပ်ခဲ့သော နယ်မြေများ၊ ‘စစ်ဆင်ရေး ၁၀၂၇’ မတိုင်မီ TNLA လှုပ်ရှားထိန်းချုပ်ထားသော နယ်မြေများနှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) တို့က ထိန်းချုပ်စိုးမိုးထားသော နယ်မြေများကို ဖော်ပြထားခြင်းဖြစ်သည်။ လက်ရှိတွင် PSLF/TNLA ၏ အုပ်ချုပ်ရေးယန္တရားအောက်တွင် ခရိုင်ငါးခုခွဲထားပြီး မူဆယ်၊ နမ့်ခမ်း၊ မန်တုံ၊ နမ့်ဆန်၊ ကွတ်ခိုင်၊ လားရှိုး၊ ကျောက်မဲနှင့် မိုးကုတ်မြို့နယ်တို့ပါဝင်သည်။ ထိုခရိုင်ငါးခုကို တအန်း(ပလောင်)ပြည်နယ်အဖြစ် ရည်ညွှန်းမှုများရှိသော်လည်း PSLF/TNLA ခေါင်းဆောင်တဦးကမူ တအန်း(ပလောင်) ပြည်နယ်ဆိုခြင်းထက် စစ်အာဏာရှင်စနစ်အောက်မှ ဆွဲထုတ်လာသော နယ်မြေများနှင့် လူထုကို PSLF/ TNLA က တာဝန်ယူပြီး လုံခြုံမှုပေးထားသော နယ်မြေများအဖြစ် မှတ်ယူစေလိုကြောင်း ISP-Myanmar ကို ပြောဆိုခဲ့သည်။




မှတ်ချက် - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြား EAOs များ ထိန်းချုပ်လှုပ်ရှားသည့် နယ်မြေများရှိသော်လည်း ယခုမြေပုံတွင် TNLA တပ်ဖွဲ့များ၏ ထိန်းချုပ်နယ်မြေကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

စစ်ကောင်စီဘက်ကလည်း PSLF/TNLA က သိမ်းယူထိန်းချုပ်ထားတဲ့ နမ့်ဆန်၊ မန်တုံနဲ့ နမ္မတူမြို့နယ်တွေကို ၂၀၂၄ ခုနှစ် မတ် ၅ ရက်မှာ စစ်အုပ်ချုပ်ရေး ကြေညာခဲ့ပါတယ်။ ဒီသဘောက အခွင့်ရရင် ဒီမြို့တွေကို ပြန်သိမ်းမယ်လို့ အချက်ပြလိုက်တာလည်း ဖြစ်ပါတယ်။ ‘စစ်ဆင်ရေး ၁၀၂၇’ ရိုက်ချက်မှာတော့ ကိုးကန့်ဒေသတခုလုံးကို စစ်ကောင်စီက လက်လွှတ်လိုက်ရပြီး ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ဒကစ) တခုလုံးပါ ဆုတ်ခွာထွက်ပြေးခဲ့ရလို့ အရှက်တကွဲ ဖြစ်ခဲ့ရပါတယ်။ PSLF/TNLA က သိမ်းယူထိန်းချုပ်ခဲ့တဲ့အထဲမှာ မြို့ခုနစ်မြို့အပြင် အချက်အချာကျတဲ့ ကုန်သွယ်ရေးလမ်းမတွေအပါအဝင် နမ္မတူဘော်တွင်းလို သတ္တုတွင်းစီမံကိန်းကြီးတွေနဲ့ လက်ဖက်ခြောက်စက်ရုံတွေလည်း ပါဝင်နေပါတယ်။ ဘော်တွင်းသတ္တုတွင်းဟာလည်း PSLF/TNLA ရဲ့ ထိန်းချုပ်မှုအောက်မှာ ပြန်လည်ပတ်နေပါတယ်။ တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးတဲ့ ‘ဟိုင်ဂင်သဘောတူညီချက်’ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အပစ်ရပ်ထားပေမဲ့လည်း ဒီစာချုပ်ကို နောက်ကွယ်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲလွဲနေနိုင်ပါတယ်။ နှစ်ဖက်တပ်တွေအကြား စစ်ဆိုင်ထားဆဲမှာ စစ်အုပ်ချုပ်ရေးအမိန့်လည်း ထပ်ကြေညာလိုက်တာကြောင့် PSLF/TNLA ထိန်းချုပ်ထားတဲ့ မြို့တွေမှာ နှစ်ဖက်တင်းမာမှု အရှိန်ပြန်မြင့်လာပြီး ကြီးမားတဲ့ ပဋိပက္ခစစ်ပွဲကြီးတွေဘက် ပြန်လှည့်သွားတာမျိုးလည်း ဖြစ်နိုင်ပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်မှာ ကိုယ်ထူကိုယ်ထ လမ်းသစ်ထွင်ပြီး ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းကို ဆုပ်ကိုင်ရင်းနဲ့ ‘တေပါးမင်း’တွေလိုမျိုး တအန်း(ပလောင်) လူငယ်လူလတ်ပိုင်းမျိုးဆက်တွေရဲ့ စစ်ရေးနဲ့ နယ်မြေအိပ်မက်ဟာ တစုံတရာ အထမြောက်ခဲ့ပါပြီ။ ဒါပေမဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒေသတွင်းမှာ လူမှုစီးပွား နိုင်ငံရေး စတဲ့ အထွေထွေသဟဇာတဖြစ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရအောင် ဘယ်လောက်လုပ်နိုင်ကြမလဲဆိုတာကတော့ စိန်ခေါ်မှုအဖြစ် ဆက်ရှိနေပါတယ်။ ■

တအန်း(ပလောင်) တော်လှန်ရေးနဲ့ပတ်သက်တဲ့
အချက်အလက်နောက်ခံကားချပ် (Backgrounder) ကို
ISP-Myanmar ဝက်ဘ်ဆိုက်မှာ ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။

ISP Backgrounder

အလေးပေးဖော်ပြလိုသည်များ

SPOTLIGHTS

အခြား သတိပြုစရာ အကြောင်းအချက်များကိုလည်း သံခိပ်သဘော ပြောပြလိုသဖြင့်
'အလေးပေးဖော်ပြလိုသည်များ (Spotlights)' ကဏ္ဍကို ထည့်သွင်းထားခြင်းဖြစ်သည်။
ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဖြစ်ခဲ့သော အကြောင်းအရာများအနက်
**သတိပြုစရာ သုံးခု**ကို ကောက်နုတ်ဖော်ပြထားပါသည်။

---

## စစ်ကောင်စီနှင့် ညီနောင်သုံးဖွဲ့ '၃၀-၇၀' သဘောတူညီချက်

လေးလကျော်ကြာပိတ်ထားခဲ့တဲ့ ချင်းရွှေဟော်နဲ့ မူဆယ်က နယ်စပ်ဂိတ်တခုကို မတ် ၁၁ ရက်က ပြန်လည်ဖွင့်လှစ်လိုက်ပါပြီ။ ဒီမတိုင်ခင်မှာ စစ်ကောင်စီနဲ့ နောက်ထပ် သဘောတူညီမှုတွေရခဲ့တယ်လို့ ညီနောင်မဟာမိတ်သုံးဖွဲ့က ထုတ်ပြန်ခဲ့ပါတယ်။ MNTJP/MNDAA ကို ကိုးကန့်အစိုးရအဖြစ် အသိအမှတ်ပြုဖို့အပြင် ချင်းရွှေဟော်နယ်စပ်ဂိတ်ရဲ့ အကောက်ခွန်ကို ညီနောင်မဟာမိတ်သုံးဖွဲ့က ၇၀ ရာခိုင်နှုန်းနဲ့ စစ်ကောင်စီက ၃၀ ရာခိုင်နှုန်း ခွဲဝေယူဖို့ဆိုတဲ့ အချက်လည်းပါဝင်တယ်လို့ဆိုပါတယ်။ ချင်းရွှေဟော်နယ်စပ်ဂိတ်ရဲ့ တရက်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ တသန်းခွဲကျော်ဖိုးရှိနေပါတယ်။ နယ်စပ်ကုန်သွယ်ရေးမှာ အရေးအပါဆုံးဖြစ်တဲ့ မူဆယ်ဂိတ်နဲ့ပတ်သက်လို့တော့ ဘယ်လိုသဘောတူခဲ့ကြတယ်ဆိုတာ မသိရသေးပါဘူး။ မူဆယ်နယ်စပ်ဂိတ်ရဲ့ တရက်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ သန်းကျော်ရှိပါတယ်။ စစ်ကောင်စီဘက်ကတော့ ဆွေးနွေးခဲ့တာတွေနဲ့ပတ်သက်ပြီး အသေးစိတ်ထုတ်မပြောဘဲ နိုင်ငံနယ်နိမိတ် အချုပ်အခြာအာဏာ ဆက်လက်ခိုင်မြဲနေမယ်၊ တရုတ်-မြန်မာ နှစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ အကျိုးစီးပွားတွေကို အလေးထားကာကွယ်သွားမယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောခဲ့ပါတယ်။ စစ်ကောင်စီနဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့တို့အကြား တရုတ်နိုင်ငံရဲ့ကြားဝင်စေ့စပ်ပေးမှုနဲ့ ကူမင်းမြို့မှာ တွေ့ဆုံဆွေးနွေးခဲ့တာ အခုဆိုရင် လေးကြိမ်ရှိခဲ့ပါပြီ။ 'စစ်ဆင်ရေး ၁၀၂၇' နဲ့ ဆက်စပ်လို့ ISP-Myanmar ရဲ့ သုံးသပ်ချက်တွေကို ISP ကပြင်ရပ်ဝန်းမှာ ဖတ်ရှုနိုင်ပါတယ်။

## ကချင်မြေက ဗျူဟာမြောက် စခန်းသိမ်း တိုက်ပွဲများ

ကချင်ပြည်နယ်အတွင်းက စစ်ကောင်စီတပ်စခန်းတွေကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA)က ထိုးစစ်ဆင်ပြီး တိုက်ခိုက်သိမ်းပိုက်နေပါတယ်။ ရက္ခိုင့်တပ်တော်(AA)၊ ကချင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (K-PDF) အပြင် အခြားမဟာမိတ်တပ်တွေလည်း ပူးပေါင်းပါဝင်ကြ

တာပါ။ အခုထိုးစစ်ဟာ စစ်ကောင်စီရဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ မိုင် ၂၀ ဝန်းကျင်ပဲ ဝေးပါတယ်။ မြစ်ကြီးနား-ဗန်းမော်ကားလမ်းမပေါ်က အရေးပါတဲ့နေရာတွေ၊ KIA ဌာနချုပ် လိုင်ဇာမြို့ကို စစ်ရေးအရဗျူဟာကျတဲ့ တောင်ကုန်းတွေအပါအဝင် ကာကင်းနဲ့ စခန်းကြီး ငယ် စုစုပေါင်း ၂၀ ဝန်းကျင်ကို မဟာမိတ်တပ်ဖွဲ့တွေက သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီအထဲ မှာ ခါရာတောင်ကုန်းလည်း ပါဝင်ပါတယ်။ စစ်ကောင်စီက သူကောင်းပြုထားတဲ့ လီဆူ ပြည်သူ့စစ်ခေါင်းဆောင် သီရိပုံချီ ဦးရွှေမင်းလည်း တိုက်ခိုက်ခံရလို့ သေဆုံးသွားခဲ့ပါတယ်။ ဦးရွှေမင်းဟာ စစ်တပ်က အာဏာသိမ်းချိန်မှာ နိုင်ငံရေးပါတီခေါင်းဆောင်ကနေ ပြည်သူ့စစ် ခေါင်းဆောင် ဖြစ်လာခဲ့တာပါ။ KIA ရဲ့သတင်းနဲ့ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူ က မဟာမိတ်တပ်တွေအနေနဲ့ လိုင်ဇာမြို့အနီးပတ်ဝန်းကျင်က စစ်ရေးအရ အရေးပါတဲ့ စခန်းတွေကို ဆက်ပြီးတိုက်ခိုက်သွားဖို့ရှိတယ်လို့ ဆိုထားပါတယ်။ လိုင်ဇာမြို့အနီးဝန်းကျင် က အခုထိုးစစ်အပြင် ဖားကန့်နဲ့ ပူတာအိုမြို့နယ်တွေမှာလည်း တိုက်ပွဲတွေဖြစ်နေပါတယ်။

## ● ထိုင်းလွှတ်တော်ရောက် မြန်မာ့အရေးဆွေးနွေးပွဲ

မြန်မာနိုင်ငံအရေးကို ထိုင်းနိုင်ငံလွှတ်တော်မှာ အခုလဆန်းပိုင်းက ဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အရပ် ဘက်အဖွဲ့အစည်းတွေနဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေ၊ ပညာရှင်တွေနဲ့ သတင်းမီဒီ ယာတွေ စုံစုံညီညီတွေ့ဆုံနိုင်ခဲ့ပါတယ်။ ထိုင်းအစိုးရနဲ့ မြန်မာစစ်ကောင်စီကြား နီးကပ်တဲ့ ဆက်ဆံရေးရှိနေချိန်မှာ မြန်မာနိုင်ငံအရေးအတွက် ထိုင်းလွှတ်တော်ရဲ့ အခုကြိုးပမ်းမှုဟာ ထူးခြားပါတယ်။ စစ်ကောင်စီကတော့ ထိုင်းအစိုးရဆီ ကန့်ကွက်စာပို့ခဲ့ပါတယ်။ မြန်မာ့ အရေး သက်ဆိုင်တဲ့ဘက်အားလုံး တွေ့ဆုံစကားပြောနိုင်ဖို့အတွက် ခြေလှမ်းအစဖြစ်တယ် လို့ လွှတ်တော်ကော်မတီဥက္ကဋ္ဌက ပြောခဲ့ပါတယ်။ မြန်မာအတွက် လူသားချင်းစာနာမှု ကူညီပေးရေးမူဝါဒကို စတင်ပြောခဲ့တဲ့ ဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပန်ပရီ ကတော့ မတက်ခဲ့ပါဘူး။ ရွေးကောက်ပွဲအနိုင်ရ အတိုက်အခံပါတီ MFP နဲ့နီးစပ်သူ လွှတ်တော်ဒုတိယဥက္ကဋ္ဌကပဲ အဖွင့်မိန့်ခွန်း ပြောခဲ့ပါတယ်။ အခုဆွေးနွေးပွဲကိုလည်း MFP က ဦးဆောင်စီစဉ်ခဲ့တာပါ။ ထိုင်းအစိုးရသစ်ကတော့ ဒီမတိုင်ခင်ကတည်းက အိမ်နီးချင်း သံတမန်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ သံတမန်ရေးလမ်းကြောင်းတွေကတဆင့် မြန်မာ့ အရေးကို ဖြေရှင်းဖို့ကြိုးစားနေပါတယ်။ လူသားချင်းစာနာမှုဆိုင်ရာ ဘေးကင်းဇုန်ကိုလည်း မဲဆောက်မှာ မကြာခင် တည်ဆောက်ဖို့ရှိနေပါတယ်။ တဖက်မှာတော့ ထိုင်းရေတပ်ဗိုလ် ချုပ်ကြီးဟာ စစ်သင်္ဘောနဲ့ ရန်ကုန်မြို့ကို ချစ်ကြည်ရေးခရီး သွားခဲ့ပါသေးတယ်။ ■

## အာရုံစိုက်ထိုက်သော စာကိုးစကားကိုး

### QUOTE OF THE WEEK

‘လောဘလေ…၊
နွံကန်ပေါက်မယ်မှန်းသိသိနဲ့ကို လုပ်တာပါ။
အခု လူပျောက်စာရင်းတောင်းတာလည်း မပြောပြဘူး။
လွတ်တဲ့လူတွေကလည်း ပြေးတာမြန်လို့’

---

ဖားကန့်မြို့ လူမှုကူညီရေးအသင်း
အဖွဲ့ဝင်တဦး

၂၀၂၄ ခုနှစ် မတ် ၁၂ ရက်တွင် The 74 Media သတင်းဌာနက ဖော်ပြခဲ့သော
**‘ဖားကန့်မှာ ကျောက်စိမ်းလုပ်ကွက်ဟောင်းရှိ နွံကန်ပေါက်ကျပြီး အများအပြားသေဆုံး’**သတင်းမှ ကောက်နုတ်ချက်။

ISP-Myanmar ရဲ့ ဖော်ပြချက်တွေကို
Telegram Channel မှာလည်း ဖတ်ရှုနိုင်ပါတယ်။

ISP Telegram

စောင့်ကြည့်ရမည့် ဖြစ်စဉ်များ

TRENDS TO WATCH

# ကျားဖြန့် နှိမ်နင်းမှုနှင့် နောက်ဆက်တွဲ

မြန်မာနိုင်ငံ ရှမ်းမြောက်ဒေသ တရုတ်နယ်စပ်မှသည် တောင်ဘက်ပိုင်း ထိုင်းနယ်စပ်အထိ နှိမ်နင်းမှုများ ကျယ်ပြန့်လာနေသော်လည်း အမြစ်ပြတ်မည့်အခြေအနေကိုကား မတွေ့ရသေးချေ။

အွန်လိုင်းလိမ်လည်မှု (online scam) ကို နှိမ်နင်းဖို့ ရည်ရွယ်ချက်တခုအဖြစ် ဖော်ပြထားတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းက 'စစ်ဆင်ရေး ၁၀၂၇' အပြီးမှာတော့ 'ကျားဖြန့်'ဆိုပြီး တရုတ်အခေါ်နဲ့ ပိုလူသိများလာခဲ့ပါတယ်။ ဒီလုပ်ငန်းတွေဟာ ကမ္ဘာ့နိုင်ငံများစွာအတွက် ခြိမ်းခြောက်မှုဖြစ်လာနေပါတယ်။ ကုလသမဂ္ဂမူးယစ်ဆေးနဲ့ရာဇဝတ်မှုများဆိုင်ရာရုံး (UNODC) က ၂၀၂၃ ခုနှစ် ဩဂုတ်လမှာ အစီရင်ခံစာတခု ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိမ်လည်မှုတွေဟာ မိုးဦးကျမှိုတွေလို အများအပြားဖြစ်ပေါ်နေပြီး စုစည်းထားတဲ့ ရာဇဝတ်ဂိုဏ်းတွေက ကျူးလွန်နေကြတာလို့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ အထူးသဖြင့် မဲခေါင်ဒေသလို့ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ အာဆီယံထဲက နိုင်ငံတချို့မှာ အများစုအခြေပြုနေကြတာပါ။ ဒီလုပ်ငန်းနဲ့ဆက်စပ်ပြီး လူကုန်ကူးမှုနဲ့ အဓမ္မလုပ်အားခိုင်းစေမှု၊ ကျွန်ပြုမှုတွေပါ ဖြစ်လာပါတယ်။ လူကိုပြန်ပေးဆွဲထားပြီး ရာဇဝတ်မှုတွေကို အတင်းအကျပ်ကျူးလွန်ခိုင်းတာတွေရှိတာကြောင့် 'ဆိုက်ဘာကျွန်ပြုမှု'လို့တောင် UNODC က သုံးစွဲခဲ့ပါတယ်။ ဒီလုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေသူ၊ အတင်းအကျပ်ခိုင်းစေခံနေရသူ သိန်းဂဏန်းကနေ သန်းဂဏန်းလောက်အထိ ရှိနိုင်ပါတယ်။ အကျိုးအမြတ် ထုတ်ယူနေပုံကလည်း ကြောက်ခမန်းလိလိပါ။ UNODC ရဲ့ ခန့်မှန်းချက်အရ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ကနေ ၁၂ ဒသမ ၅ ဘီလီယံအထိ ရှိနိုင်ပါတယ်။ အချို့အာဆီယံနိုင်ငံငယ်တွေရဲ့ GDP တဝက်လောက်ရှိတဲ့ ပမာဏပါပဲ။ ဒါကြောင့် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုတခု ဖြစ်လာနေတာပါ။

၂၀၂၄ နှစ်သစ်ကို မြန်မာနိုင်ငံနဲ့ ဒေသတွင်းမှာ ကျားဖြန့်နှိမ်နင်းရေးနှစ်လို့ ဆိုရမယ်ထင်ပါတယ်။ ကျားဖြန့်နှိမ်နင်းကြမယ်လို့ အတိုက်အခံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အစ၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အလယ်၊ စစ်ကောင်စီအဆုံး သံပြိုင်ထွက်လာကြပါတယ်။ ဒါတွေနဲ့အတူ မြန်မာနိုင်ငံအရှေ့မြောက်ဖျားကနေ တောင်ဘက်စွန်းအထိ နှိမ်နင်းမှုတွေဖြစ်လာခဲ့ပါတယ်။ ထိုင်း-မြန်မာနယ်စပ် တာချီလိတ်အပြင် ကော့သောင်းအထိ ဂယက်ရိုက်စေခဲ့ပါတယ်။

မြန်မာစစ်တပ်နဲ့ရင်းနှီးပြီး အကာအကွယ်ပေးခြင်းခံခဲ့ရတဲ့ ကိုးကန့်ခေါင်းဆောင် လေးဦး အပါအဝင် ၁၀ ဦးကို တရုတ်ရဲတပ်ဖွဲ့က နေပြည်တော်အထိရောက်လာပြီး တိုက်ရိုက် လေယာဉ်နဲ့ ခေါ်ဆောင်ဖမ်းဆီးသွားခဲ့ပါတယ်။ သူတို့ထဲက ခေါင်းဆောင်လေးဦးကို ဘေဂျင်းတရားရုံးချုပ်က သေဒဏ်ချမှတ်လိုက်တယ်ဆိုတဲ့သတင်းတွေ ထွက်ခဲ့ပြီး မီဒီယာတွေမှာ အတိအကျဖော်ပြတာတော့ မတွေ့ရသေးပါဘူး။

‘ဝ’ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဥက္ကဋ္ဌ ပေါက်ယူချန်ရဲ့တူ UWSA ဒုတိယစစ်ဦးစီးချုပ် ပေါက်အိုက်ချန်ကိုလည်း တရုတ်ရဲတပ်ဖွဲ့က ဖမ်းဆီးထားပါတယ်။ ပေါက်ယူချန်နဲ့ နီးစပ်တဲ့ အရာရှိဟောင်းနှစ်ဦးကို သံလွင်မြစ်အနောက်ခြမ်း မိုင်းရှူးမြို့နယ်အထိ တရုတ်ရဲတပ်ဖွဲ့က နယ်ကျော်တောနင်း ရှာဖွေခဲ့ပါသေးတယ်။ ဒါပေမဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နဲ့ ‘ဝ’တပ်(UWSA) တွေလည်းရှိနေတဲ့ မိုင်းရယ်နဲ့ တန့်ယန်းမြို့နယ်ဘက် ရွှေ့ပြောင်းအခြေချလာတဲ့ ကျားဖြန့်တွေကတော့ အထိမခံရသေးပါဘူး။ တခါ တာချီလိတ်မြို့မှာအခြေစိုက်လှုပ်ရှားနေတဲ့ ထိုင်း၊ တရုတ်နဲ့ မြန်မာနိုင်ငံသား ၆၈၉ ဦးကို ဖမ်းဆီးပြီး အဲဒီထဲက တရုတ်နိုင်ငံသား ၅၀၀ နီးပါးကို တရုတ်အာဏာပိုင်တွေဆီ ပြန်လည်လွှဲပြောင်းပေးခဲ့တယ်လို့ CCTV သတင်းဌာနက ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် တာချီလိတ်မြို့ထဲမှာ ရှောင်တခင်ဝင်စီးပြီး အွန်လိုင်းစီးပွားရေးရဲ့ အလုပ်သမား ရာဂဏန်းကို ဖမ်းဆီးခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာစစ်တပ်အပါအဝင် လက်နက်ကိုင်အဖွဲ့များစွာခြေရှုပ်နေတဲ့ ဒီဒေသမှာ အကျိုးစီးပွားနဲ့ အကာအကွယ်ကြောင့် ရာဇဝတ်ဂိုဏ်းရဲ့အောက်ဆုံးအလွှာက သာမန်အလုပ်သမားတွေပဲ ဖမ်းဆီးခံနေရပါတယ်။

ထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ ရွှေကုက္ကိုအပါအဝင် ကျားဖြန့်လုပ်ငန်းခွင်တွေကို ဖြိုခွင်းဖို့ ထိုင်းစစ်တပ်က ဗိုလ်ချုပ်ကြီးချက်ကပေါင်ဂျန်ပန်ပင် ဦးဆောင်တဲ့အဖွဲ့ဟာ နေပြည်တော်ကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရောက်လာခဲ့ပါတယ်။ အခုနှစ် နှစ်ဆန်းမှာလည်း မြန်မာစစ်ကောင်စီဥက္ကဋ္ဌနဲ့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆုန်ဝစ်တို့ အွန်လိုင်းကနေ ဆွေးနွေးခဲ့ပါသေးတယ်။ ဒီနောက်မှာတော့ ဗိုလ်မှူးကြီးစောချစ်သူဦးဆောင်တဲ့ ကရင်ပြည်နယ်နယ်ခြားစောင့်တပ် (BGF) နဲ့ စစ်ကောင်စီအကြား သံသယနဲ့ တင်းမာမှုတွေဖြစ်လာခဲ့ပါတယ်။ စစ်မျက်နှာဖွင့်ရတာများနေရတဲ့ စစ်ကောင်စီဟာ ဗိုလ်မှူးကြီးစောချစ်သူနဲ့ ထိပ်တိုက်တွေ့ရမှာကို လတ်တလောမှာ ရှောင်ချင်ပုံရပါတယ်။ အွန်လိုင်းငွေလိမ်မှု၊ လူမှောင်ခိုလုပ်ငန်းတွေအတွက် သူ့ကို မစွပ်စွဲဘဲ ကရင်အမျိုးသားအစည်းအရုံး(KNU)ကိုပဲ ပုံချစွပ်စွဲပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းတိုက်ခိုက်သွားမယ်လို့ စစ်ကောင်စီဥက္ကဋ္ဌက ဆိုခဲ့ပါတယ်။

## ■ လူကုန်ကူးမှုနှင့် ရာဇဝတ်မှု အစမွကျူးလွန်စေခြင်းအတွက် ထက်-အောက် တာဝန်ရှိမှု




ရင်းမြစ် - ကုလသမဂ္ဂမူးယစ်ဆေးနှင့်ရာဇဝတ်မှုများဆိုင်ရာရုံး(UNODC)။

အဲဒါတွေပြီးတဲ့အခါ တနင်္သာရီတိုင်း ကော့သောင်းမြို့ရဲ့ မျက်နှာဖုံး နာမည်ကြီးစီးပွားရေးလုပ်ငန်းရှင် ဦးကျော်လွင်ရဲ့အလှည့်ကို ရောက်လာခဲ့ပါတယ်။ အွန်လိုင်းလောင်းကစားမှု၊ အခွန်ရှောင်မှုနဲ့ ငွေကြေးခဝါချမှုတွေနဲ့ ထိုင်းနဲ့ စစ်ကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှာ သူ့ကို ဖမ်းဝရမ်းထုတ်ပါတယ်။ သူ့ရဲ့ညီ ဦးဌေးဝင်း (ခေါ်) ဦးနောင်ပိန်ဟာလည်း စစ်ကောင်စီရဲတပ်ဖွဲ့ရဲ့ဖမ်းဆီးတာခံရပြီး စစ်ကြောရေးမှာ သေဆုံးသွားပါတယ်။ လက်ရှိမှာ ဦးကျော်လွင်ရဲ့ဇနီးနဲ့ လက်ရုံးတပည့်တဦးကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီး ဦးကျော်လွင်ကတော့ ထွက်ပြေးတိမ်းရှောင်နေပါတယ်။ ဦးကျော်လွင်ဟာ သူဌေးကျွန်းပေါ်မှာ တရားဝင်လောင်းကစားလုပ်ငန်းတွေနဲ့ တွဲဖွင့်ထားတဲ့ ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်ကို ပိုင်ဆိုင်ပါတယ်။ ဝန်ထမ်းပေါင်း ၁,၅၀၀ ကျော်နဲ့ လည်ပတ်ခဲ့တဲ့ ဒီဟိုတယ်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ ထိုင်းအထူးစုံစမ်းရေးအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ပြီးနောက် အခုတော့ ဟိုတယ်ကို ပိတ်ထားလိုက်ပါပြီ။

# မြန်မာနိုင်ငံရှိ ကျားဖြန့်လုပ်ငန်းများနှင့် ဦးတည်ဝင်ရောက်ရာ လမ်းကြောင်းများ

မြန်မာနိုင်ငံ၌ ကျားဖြန့်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ပြည်ပနိုင်ငံပေါင်း **၂၅ နိုင်ငံထက်မနည်း**မှ နိုင်ငံခြားသားများ ဝင်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံသို့ **ဆိုက်ရောက်နိုင်ငံ** (Destination) အဖြစ် ဝင်ရောက်ရာ၌ တိုက်ရိုက်ဖြစ်စေ၊ ထိုင်း၊ မလေးရှား၊ လာအို၊ ယူအေအီး အစရှိသည့် **ကြားခံနိုင်ငံ** (Transit) များမှတဆင့်ဖြစ်စေ ဝင်ရောက်ကြသည်။ တရုတ်-မြန်မာနယ်စပ်တလျှောက် မူဆယ်၊ လားရှိုး၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းပေါက်၊ မိုင်းလား၊ ကျိုင်းတုံ စသည့် **မြို့ပေါင်း ခုနစ်မြို့**၌ ကျားဖြန့်လုပ်ငန်းပေါင်း **၃၅ ခုထက်မနည်း** ရှိခဲ့သည်။ 'စစ်ဆင်ရေး ၁၀၂၇' မတိုင်မီ လောက်ကိုင်မြို့တခုတည်း၌ ကျားဖြန့်လုပ်ငန်းပေါင်း **၁၅ ခုထက်မနည်း** ရှိခဲ့သည်။ ထိုင်း-မြန်မာနယ်စပ်တလျှောက် တာချီလိတ်၊ ရွှေကုက္ကို၊ မြဝတီ၊ ဖလူး၊ ကျောက်ခက်၊ ဆုံဆည်းမြိုင်၊ ဝေါလေ၊ ဘုရားသုံးဆူ၊ ထီးခီး၊ ကော့သောင်း စသည့်မြို့များတွင် ကျားဖြန့်လုပ်ငန်းပေါင်း **၅၀ နီးပါး** ရှိနေသည်။ တာချီလိတ်မြို့ဝန်းကျင်တွင် လုပ်ငန်းပေါင်း **၁၅ ခုထက်မနည်း**၊ မြဝတီမြို့ဝန်းကျင်တွင် လုပ်ငန်းပေါင်း **၂၅ ခုထက်မနည်း** ရှိနေသည်။




မှတ်ချက် - တရုတ်ဘာသာဖြင့် '詐騙/zhà piàn' (ကျားဖြန့်)ဟူသည်မှာ အွန်လိုင်းလောင်းကစားနှင့် တွဲဖက်လုပ်ကိုင်သည့် ငွေကြေးလိမ်လည်မှုလုပ်ငန်းဟူသမျှကို ဆိုလိုခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် မတ် ၁၄ ရက်အထိ ထုတ်ပြန်ခဲ့သည့်အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားနိုင်ပါသည်။

စစ်ကောင်စီသတင်းစာတွေမှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်း ‘စစ်ဆင်ရေး ၁၀၂၇’ စတင်ပြီးနောက် တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံခြားသား ၅၂,၈၂၀ ဦးကို ပြန်လွှဲပြောင်းပေးခဲ့တယ်လို့ ဖော်ပြပါတယ်။ အဲဒီအထဲမှာ တရုတ်နိုင်ငံသား ၅၀,၇၇၂ ဦး ပါဝင်ပါတယ်။ UNODC အစီရင်ခံစာမှာတော့ ဒီလုပ်ငန်းတွေမှာ ဆန္ဒအလျောက်မဟုတ်ဘဲ ပါဝင်ကြရသူတွေရှိနေပြီး အဲဒီနစ်နာရသူတွေကို လူ့အခွင့်အရေးနဲ့အညီကူညီဖို့ တိုက်တွန်းထားပါတယ်။ ဘယ်သူက သားရဲ၊ ဘယ်သူက သားကောင်ခွဲခြားနိုင်ဖို့တော့ ခက်ခဲပါတယ်။

မြန်မာနိုင်ငံတလွှား အပြိုင်အဆိုင် ကျားဖြန့်လူဖမ်းပွဲလုပ်နေကြပေမဲ့ ကျားဖြန့်ဂိုဏ်းချုပ် တရုတ်နိုင်ငံသားတွေကိုတော့ ဘယ်လိုဘယ်ပုံ ဖမ်းဆီးအရေးယူနေသလဲဆိုတာက အခုထိ မသိကိန်းအဖြစ် ရှိနေဆဲပါပဲ။ တရုတ်နိုင်ငံသားဖြစ်ခဲ့ဖူးတဲ့ ကျားဖြန့်ဂိုဏ်းချုပ် မစ္စတာရှေကျိကျန်းရဲ့အမှုကိုကြည့်ရင် သိသာပါတယ်။ သူ့ကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးပြီး တနှစ်ကျော်ကြာတဲ့အထိ တရုတ်အစိုးရက လွှဲပြောင်းမယူသေးဘဲ နှုတ်ဆိတ်နေပါတယ်။ ဟူနန်ပြည်နယ်ဖွား ရှေကျိကျန်းဟာ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နဲ့ မြန်မာ စတဲ့ အရှေ့တောင်အာရှတလွှား လောင်းကစားလုပ်ငန်းတွေမှာ ကျင်လည်ကျက်စားခဲ့ပြီး ရပ်ဝန်းလမ်းကြောင်းအစီအမံမှာလည်း ထဲထဲဝင်ဝင်ပါဝင်ခဲ့ဖူးသူတဦး ဖြစ်ပါတယ်။ တခြား ကျားဖြန့်ခေါင်းဆောင်တွေလည်း အဖမ်းမခံရဘဲ လွတ်မြောက်နေမယ်၊ ဒါမှမဟုတ် တရားစီရင်မှုဟာ ကွက်ကျားမိုးဖြစ်နေမယ်ဆိုရင် ကျားဖြန့်လုပ်ငန်းတွေ အမြစ်ပြတ်ဖို့က ဝေးနေပါဦးမှာပါ။ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့ရဲ့ အတွေ့အကြုံတွေအရတော့ တနေရာမှာ နှိမ်နင်းနှိပ်ကွပ်လိုက်ရင် နောက်တနေရာကို ရွှေ့ပြောင်းပြီး ဆက်လုပ်ကိုင်ကြပါတယ်။ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယားမှာ အမြစ်ပြတ်မယ့်ပုံတော့ မမြင်သေးပါဘူး။ ပြီးရင် နောက်ထပ်ခြေကုပ်စခန်းတွေ ဘယ်မှာဆက်ပေါ်လာဦးမလဲဆိုတာနဲ့ မတည်ငြိမ်တဲ့၊ တရားဥပဒေစိုးမိုးမှု မရှိတဲ့ နယ်စွန်နယ်ဖျားဒေသတွေနဲ့ နယ်မြေတွေကို သတိထားစောင့်ကြည့်ရပါလိမ့်မယ်။ ■

ISP က ဖတ်နေသည်များ

WHAT ISP IS READING

# တရုတ်၏ နိုင်ငံခြားရေးမူဝါဒ

တရုတ်နိုင်ငံသည် အိမ်နီးချင်း မဟာအင်အားကြီးနိုင်ငံတခု ဖြစ်သည့်အပြင် ရှည်လျားသော သမိုင်းဆက်စပ်မှုလည်း ရှိသည်ဖြစ်ရာ ၎င်း၏နိုင်ငံခြားရေးမူဝါဒအခြေခံများကို သိထားရန်လိုပါမည်။

---

'စစ်ဆင်ရေး ၁၀၂၇' နဲ့အတူ တရုတ်နိုင်ငံဟာ မြန်မာ့ပဋိပက္ခ ကြားဝင်ဖျန်ဖြေမှုမှာ ပိုလို့ ရှေ့တန်းက နေရာယူလာပါတယ်။ တချိန်တုန်းကတော့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မြန်မာပိုင်အဖြစ်ရှုမြင်ချက်နဲ့ မြန်မာတွေကပဲ ဦးဆောင်ခဲ့ပြီး နိုင်ငံတကာရဲ့ အခန်းကဏ္ဍကို ကန့်သတ်ခဲ့ကြပါတယ်။ အခုအခါမှာတော့ တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးမှုကို လက်ခံခဲ့ရပါပြီ။ တရုတ်နိုင်ငံကလည်း ဒီကိစ္စကို အရေးကြီးကိစ္စတခုအဖြစ်နဲ့ ဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက မကြာခင်ကပဲ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒီအခြေအနေမှာ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို ပိုလို့ ပြည့်စုံကုံလုံစွာသိဖို့ လိုအပ်ပါတယ်။

မတ် ၇ ရက် သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက နိုင်ငံတကာက စစ်ပူပဋိပက္ခတွေဖြစ်တဲ့ နေရာသုံးခု (international hot spots) ဖြစ်တဲ့ ဆော်ဒီအာရေဗျနဲ့ အီရန် သံတမန်ရေး၊ အီရန်-ပါကစ္စတန် သံတမန်ရေးတို့နဲ့အတူ မြန်မာ့အရေးကိုပါ ဦးစားပေး ဆောင်ရွက်ခဲ့တာကို ဖော်ပြပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတခုရဲ့ တာဝန်သိမှုနဲ့အတူ အပြုသဘောဆောင်ပြီး မြန်မာ့ပဋိပက္ခကို ဝင်ရောက်ဖြေရှင်းဖို့ ကြိုးပမ်းခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံက ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတကာ ကျင့်သုံးမှုအတွေ့အကြုံတွေနဲ့ တရုတ်ယဉ်ကျေးမှုရဲ့ ပညာသဘ္ဘာကို ထုတ်နုတ်ယူပြီး တရုတ်နည်းဟန် ကြန်အင်လက္ခဏာနဲ့ အဖြေရှာဖို့ ကြိုးစားခဲ့တယ်လို့ပြောပါတယ်။ မြန်မာ့အရေးနဲ့ပတ်သက်တဲ့ သူ့အပြောကို သဘောမညီသူတွေလည်း ရှိနိုင်ပါတယ်။

တရုတ်နိုင်ငံဟာ နှစ်ထောင်ချီသမိုင်းရှိတဲ့၊ လူဦးရေကြွယ်ဝမှုများတဲ့ နိုင်ငံကြီးတခု ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးမူဝါဒကို ဟိုကွေ့မှာ ဟိုတက်နဲ့လှော်၊ ဒီကွေ့မှာ ဒီတက်နဲ့လှော် လုပ်လို့မရပါဘူး။ တည်ငြိမ်ခိုင်မာတဲ့ မူဝါဒတရပ်ချမှတ်ပြီး လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံခြားရေးမူဝါဒကို လေ့လာမယ်ဆိုရင် အကြိမ် ၂၀ မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်က ချမှတ်ခဲ့တဲ့မူတွေက အရေးကြီးပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားရေးဆိုင်ရာ ဗဟိုညီလာခံကို ကျင်းပခဲ့ပါတယ်။ ဒီညီလာခံရဲ့ ပြဌာန်းချက်တွေက ကာလတခုအထိ အခြေခံမူတွေအဖြစ် ရှိနေမှာပါ။ ပထမအချက်အနေနဲ့ ပါတီဥက္ကဋ္ဌ ရှီကျင့်ဖျင်ရဲ့ သံတမန်ရေးဆိုင်ရာ ရှီကျင့်ဖျင်အတွေးအခေါ်အပေါ် အခြေခံပါတယ်။ ဒုတိယအချက်က ထူးခြားတဲ့ တရုတ်ကြွန်အင်လက္ခဏာအပေါ်အခြေခံပြီး ယုံကြည်မှုခိုင်တဲ့၊ မိမိကိုယ်သာအားကိုးတဲ့၊ တာဝန်ယူမှုရှိတဲ့၊ ပွင့်လင်းတဲ့၊ အင်အားစုအားလုံးပါဝင်နိုင်တဲ့ နိုင်ငံကြီးတခုရဲ့ ပုံရိပ်ကို ဖော်သွားမယ်လို့ဆိုပါတယ်။ တတိယအချက်ကတော့ လူသားတွေရဲ့မျှဝေခံစားနိုင်တဲ့ အနာဂတ်လူ့ယဉ်ကျေးမှုကို မူတည်ပြီး လူမှုအသိုက်အဝန်းတရပ် ဖော်ဆောင်သွားဖို့လည်း ဖော်ပြထားပါတယ်။ ဒီအချက်တွေအပါအဝင် အခြေခံမူ ၁၀ ချက် ရှိပါတယ်။

လေ့လာရသလောက်တော့ တရုတ်ရဲ့ ပြည်နယ်တွေဟာ ဗဟိုရဲ့အခြေခံမူတွေကို လိုက်နာအကောင်အထည်ဖော်ရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကတော့ ကိုယ့်ဘာသာဦးဆောင်ပြီး နိုင်ငံခြားရေးဆိုင်ရာ တချို့လုပ်ငန်းတွေကို စတင်နိုင်ပေမဲ့ ဗဟိုရဲ့အခြေခံမူတွေကိုတော့ ကျော်လို့မရပါဘူး။ အဲဒါအပြင် နိုင်ငံခြားရေးမူဝါဒတွေရဲ့ မဟာဗျူဟာလမ်းညွှန်တွေအနေနဲ့ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးရေးအစီအမံ (Global Development Initiative)၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative) နဲ့ ကမ္ဘာလုံးဆိုင်ရာလူ့ယဉ်ကျေးမှုအစီအမံ (Global Civilization Initiative) တွေကို အကောင်အထည်ဖော်သွားဖို့လည်း ရှိပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ဦးစားပေးပြောသွားတာက နိုင်ငံတကာပဋိပက္ခတွေကို တရုတ်က ဖြေရှင်းရာမှာ ဆုပ်ကိုင်ထားတဲ့ ‘မဆုတ်မနစ်ကြိုးပမ်းမှုလေးခု’ (Four Commitments) အကြောင်း ဖြစ်ပါတယ်။

တပါးသူ့ရဲ့ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်တာမျိုး မဖြစ်ဖို့ သတိကြီးကြီးထားတာကပထမတခုဖြစ်ပါတယ်။ နိုင်ငံတခုရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုကိုအစဉ်လေးစားပြီး ကုလသမဂ္ဂရဲ့အခြေခံပဋိညာဉ်တွေကိုလည်း လိုက်နာပါတယ်တဲ့။ ဒုတိယတခုကတော့ နိုင်ငံရေးပြေလည်မှုရဖို့ တောင်းဆိုတာဖြစ်ပါတယ်တဲ့။ စိတ်ဆန္ဒအလျောက်ဖိအားပေးတာ၊ ဆန်ရှင်ပြစ်ဒဏ်ချမှတ်တာတွေကို လုံးဝ မလိုလားတာ၊ တွေ့ဆုံညှိနှိုင်းမှုကိုမြှင့်တင်ပေးပြီး သည်းညည်းခံစိတ်ကို အမြင့်ဆုံးထားတာ၊ ကျိုးကြောင်းဆီလျော်တဲ့ တောင်းဆိုမှုကိုသာ ဘက်အသီးသီးကို တောင်းဆိုတာတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ တတိယတခုကတော့ ဓမ္မဓိဋ္ဌာန်ကျမှုနဲ့ ဘက်မလိုက်မှုကို တင်းတင်းကျပ်ကျပ်ကိုင်စွဲတာ ဖြစ်ပါတယ်။ မျက်နှာနှစ်ဖက်ဆက်ဆံတဲ့ မူမျိုးမရှိသလို ပထဝီနိုင်ငံရေး တကိုယ်ကောင်းကိုယ်ကျိုးစီးပွားကို အခြေမခံဘဲ အရေးကိစ္စတွေကနေ ကောင်းကျိုးချမ်းသာထွက်ပေါ်လာဖို့ကိုပဲ ဦးတည်ပါ

တယ်တဲ့။ စတုတ္ထမြောက် မဆုတ်မနစ်မှုကတော့ ရောဂါလက္ခဏာတွေရော၊ ရေသောက်မြစ်ကျတဲ့ ပင်ရင်းအကြောင်းတရားတွေကိုပါ ကုသဖို့ အလေးအနက်ကြိုးစားတာဖြစ်ပါတယ်။ ပြဿနာပူတွေကို ဖြစ်နိုင်သမျှ အမြန်အေးသွားစေဖို့နဲ့ ပျံ့နှံ့ပြီးသား ပဋိပက္ခတွေ မြင့်မားလာတာမျိုးမဖြစ်ရအောင် ကြိုးပမ်းတာဖြစ်တယ်လို့ ဆိုပါတယ်။ ပဋိပက္ခရဲ့ ရေသောက်မြစ်အကြောင်းတရားတွေကို စနစ်တကျနဲ့ ယုတ္တိဗေဒ ကျိုးကြောင်းဆင်ခြင် သုံးသပ်တာတွေ လုပ်တယ်၊ ဖြေရှင်းပေးနိုင်ဖို့ ဘက်စုံမဟာဗျူဟာနဲ့ ချဉ်းကပ်တယ်လို့လည်း ဖော်ပြပါတယ်။

မဟာအင်အားကြီးနိုင်ငံလည်းဖြစ်၊ အိမ်နီးချင်းလည်းဖြစ်တဲ့ တရုတ်နိုင်ငံဟာ မြန်မာနဲ့ ရှည်လျားတဲ့ သမိုင်းဆက်စပ်မှုလည်း ရှိနေပါတယ်။ သူတို့ရဲ့ နိုင်ငံခြားရေးမူဝါဒအခြေခံတွေကို သိထားမှသာ မြန်မာ့အရေးနဲ့ ဆက်စပ်စဉ်းစားနိုင်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ပဋိပက္ခတွေကို တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ဖြေရှင်းတဲ့အခါမှာ ဒီလိုအခြေခံမှုတွေကို လိုက်နာခဲ့တာ ရှိလား၊ မရှိဘူးလားဆိုတာကိုလည်း စာဖတ်သူတွေအဖို့ ဆက်လက်စဉ်းစားလို့ ရနိုင်ပါတယ်။ ■

ISP-Myanmar က ထုတ်ဝေထားတဲ့
သုတေသနအခြေခံ ဒေတာအချက်အလက်တွေနဲ့
စာအုပ်စာတမ်းတွေကို ISP ကပြင်ရပ်ဝန်းမှာ အခမဲ့ ရယူနိုင်ပါတယ်။

ISP Series

# အကြံပြု မေးမြန်းနိုင်ပါသည်

## FEEDBACK & FEEDFORWARD

‘ISP ကပြင်ရပ်ဝန်း’ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။
တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက
အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့
အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ ‘ISP ကပြင်ရပ်ဝန်း’ကို
ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊
ဆွေးနွေးချင်တာရှိရင် အခု လက်ခံရရှိတဲ့မေးလ်ကို
ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ ‘ISP ကပြင်ရပ်ဝန်း’ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း
မှတ်ချက်ဝင်ရေးရင်း လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။
ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး
Signal, Whatsapp, Viber, Line တွေကတဆင့်
လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

ISP Telegram

ISP YouTube

ISP X (Twitter)

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.